မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၁၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မကြာမီ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)နှင့်ပူးတွဲ၍ သင်ကြားရေးဆေးရုံသစ်ကြီးပေါ်လာတော့မည် သွားနှင့်မျက်နှာ၊ မေးရိုး၊ ခံတွင်း၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုဆောင်ရွက်နိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု နိုင်ငံတော်တစ်ဝန်းလုံး အကောင်အထည်ဖော်လျက်ရှိ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းဝင်များ သက်ဆိုင်ရာကဏ္ဍကနေ ပါဝင်ကူညီဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၆

(၂၅)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းတို့၏ ဆဋ္ဌမအကြိမ် ပူးတွဲအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ●

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ တက်ရောက်ဆုများချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ ဆုများချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊

စာမျက်နှာ ၆ ကော်လံ ၁ ■

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် (ခ)အဆင့်စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှုပထမဆုရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

ကာကွယ်ရေး၊စည်းရုံးရေး၊စီမံခန့်ခွဲရေးစွမ်းရည်များ နိုင်ငံချစ်မြတ်နိုးသောစိတ်ဓာတ်ဖြင့် ကြိုးပမ်းစွမ်းဆောင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံးသည် တူညီသောအတွေးအခေါ်၊ ယုံကြည်ချက်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းစွမ်းဆောင်ကြရမည် ဖြစ်သည်။

စည်းလုံးညီညွတ်သော တိုင်းရင်းသားပြည်သူများဖြင့် စုစည်းဖွဲ့စည်းထားသော အမျိုးသားရေးအင်အားစုများသည် ရည်ရွယ်ချက်ချင်း၊ ခံယူချက်ချင်းတူညီကြသည့် မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်ကြသည်။ အဆိုပါ မိတ်ဖက်အဖွဲ့အစည်းများသည် တူညီသောခံယူချက်ဖြင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်လျက် ရှိကြသည်။

နိုင်ငံတော်၏ အမျိုးသားရေးအင်အားစု၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အရန်အင်အားစုများတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့သည် နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ပန်ဆင်လျက် တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်စေရန်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏အရန်အင်အားအဖြစ် တာဝန်သိစွာ ပါဝင်ဆောင်ရွက်သွားရန် စသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတည်ဆောက်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင် ထမ်းဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၁/၂၀၀၅)ကို ဇန်နဝါရီလ ၂၅ ရက်နေ့က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားရာ၌–

"အင်အားတောင့်တင်းခိုင်မာပြီး ဂုဏ်သိက္ခာရှိသည့်အဖွဲ့၊ နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်နိုင်သည့် နိုင်ငံတော်ကာကွယ်ရေးအတွက် အရန်အင်အားစုကြီး တစ်ခု အဖြစ် ရပ်တည်သွားနိုင်အောင် ကြိုးပမ်းတည်ဆောက်သွားကြရမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် ဗဟိုစည်းရုံးရေးကော်မတီဝင်များအနေဖြင့် မိမိတို့ရောက်ရှိသည့် ပြည်နယ်၊တိုင်းအသီးသီးမှ မိမိတို့၏ ရဲဘော်ရဲဘက် စစ်မှုထမ်းဟောင်းအဖွဲ့များကို ထိတွေ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက် ပေးသွားကြရန် ဖြစ်ကြောင်း"

ပြောကြားသွားသည်။

အဖွဲ့အစည်းတစ်ခု စည်းလုံးညီညွတ်ရန်အတွက် တူညီသည့် အခြေခံလမ်းစဉ်၊ တူညီသည့် ယုံကြည်ချက်၊ ခံယူချက်ရှိနေကြရန် အရေးကြီးသည်။ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တူညီသည့် ယုံကြည်ချက်၊ ခံယူချက်သည် ဒို့တာဝန်အရေးသုံးပါးပင်ဖြစ်သည်။ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒ ဖြစ်သည့် အမျိုးသားရေးတာဝန်ကို တပ်မတော်တွင် ရှိစဉ်ကကဲ့သို့ စွဲမြဲယုံကြည်နေအောင် အဖွဲ့အစည်း အတွင်းရှိ တာဝန်ရှိသူအသီးသီးက အမြဲမပြတ် ထိတွေ့ဆွေးနွေးနေကြရမည် ဖြစ်သည်။

ပြည်တွင်း၊ပြည်ပအဖျက်သမားများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူ စစ်မှုထမ်းဟောင်း အဖွဲ့များကလည်း အခြားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်စသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ မပေါ့သော သတိ၊ မလျော့သော လုံ့လဝီရိယတို့ဖြင့် စောင့်ကြပ်ကြည့်ရှုပြီး ဟန့်တားကာကွယ်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် ကာကွယ်ရေးစွမ်းရည်၊ စည်းရုံးရေး စွမ်းရည်၊ စီမံခန့်ခွဲရေးစွမ်းရည်တို့ ထက်မြက်နေစေရန် အစဉ်လေ့ကျင့်ပျိုးထောင်ရင်း နိုင်ငံကို ချစ်မြတ်နိုး သော စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ စွန့်လွှတ်အနစ်နာခံသောစိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ် စသည့်ကောင်းမြတ်သော အစဉ်အလာများ ဆက်လက်တိုးပွားလာစေရေး ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ရေယာဉ်သစ်များ လုပ်ငန်းတာဝန်ပေးအပ်ပွဲ တက်ရောက် ဝေပုလ္လနှစ်ထပ်ရေယာဉ် မြစ်ဝကျွန်းပေါ်ဒေသ ခရီးစဉ်ပြေးဆွဲမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်း၌ တည်ဆောက်ခဲ့သော အမြန်ရေယာဉ် ရွှေပြည်သစ် တန် ၅၀၀ ကုန်သေတ္တာသယ်ပို့တွဲနှင့် အကြီးစားပြင်ဆင်ပြီး စက်သစ်တပ်ဆင်တည်ဆောက်သော ဝေပုလ္လ ခရီးသည်တင်နှစ်ထပ်ရေယာဉ်များအား လုပ်ငန်းတာဝန် ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်း ခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေး မှူး ဦးစိုးတင့်၊ ဌာနအကြီးအကဲများနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နည်းလမ်းရှာဖွေ

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအနေဖြင့် အမြန်နှုန်းကောင်းသည့် ရေယာဉ်ကိုတည်ဆောက်ပြီး ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ရပ်တည်နိုင်အောင် နည်းလမ်းကြံဆ ဆောင်ရွက်နိုင်ခြင်း၊ ကုန်ဈေးနှုန်းကျဆင်းရေးကို အထောက် အကူပြုရေးအတွက် ပြည်တွင်းကုန်သေတ္တာ သယ်ယူပို့ဆောင်ရေးကို စရိတ် စက အလွန်သက်သာစွာ သယ်ပို့နိုင်ရန် ကုန်သေတ္တာသယ်ပို့တွဲ ရေယာဉ် တည်ဆောက်ခြင်းများအပြင် ဆက်လက်၍ တည်ဆောက်ရေးလုပ်ငန်းများ ကိုလည်း နည်းလမ်းရှာဖွေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ရေယာဉ်များတည်ဆောက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးက ဒုတိယအထွေထွေ မန်နေဂျာ (ပို့ဆောင်ရေး)သို့ ရေယာဉ်များ လုပ်ငန်းဆောင်ရွက်နိုင်ရေး တာဝန်အပ်နှင်းစာ ပေးအပ်ပြီး ပို့ဆောင်ရေးဝန်ကြီးသို့ အထိမ်းအမှတ်လက်ဆောင်အဖြစ် ရွှေပြည်သစ် အမြန်ရေယာဉ်ပုံစံငယ်ကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်များသည် နန်းသီတာ ဆိပ်ကမ်းတွင်ဆိုက်ကပ်ထားသော ရွှေပြည်သစ်အမြန်ရေယာဉ်ကုန်သေတ္တာသယ် ပို့တွဲနှင့် ဝေပုလ္လနှစ်ထပ်ရေယာဉ်များကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ရွှေပြည်သစ် အမြန်ရေယာဉ်မှာ အရှည် ပေ ၁၁၀၊ အကျယ် ၁၃ ပေနှင့် အမြင့်ခြောက်ပေရှိပြီး မြင်းကောင်ရေ ၃၉၆ ကောင်အားရှိသော M.W.M. TBD 234 V8 စက်နှစ်လုံး တပ်ဆင်ထားသည်။ရေမိုင်အမြန်နှုန်း ၁၆ မိုင်ဖြစ်ပြီး အထက်တန်းခရီးသည် ၂၀၊ ရိုးရိုးတန်းခရီးသည် ၆၉ ဦး လိုက်ပါနိုင်သည်။ အဆိုပါ ရေယာဉ်ကို ပုဂံညောင်ဦးနှင့် မန္တလေးခရီးစဉ်တွင် ကမ္ဘာလှည့်ခရီးသည်များ ပို့ဆောင်ရေးတွင် အသုံးပြုမည်ဖြစ်သည်။

ဝေပုလ္လ နှစ်ထပ်ရေယာဉ်အား ရေယာဉ်အင်အားနည်းပါးသည့် မြစ်ဝ ကျွန်းပေါ်ဒေသ လပွတ္တာနှင့် ရန်ကုန်ခရီးစဉ်တွင် ပြေးဆွဲမည်ဖြစ်သည်။

တန်၅၀၀ ကုန်သေတ္တာတင်တွဲရေယာဉ်မှာ အရှည်ပေ ၁၆၀၊ အကျယ် ၃၄ ပေနှင့် အမြင့်ခုနစ်ပေ၊ ခြောက်လက်မရှိပြီး အရှည်ပေ ၂၀၊ အကျယ် ရှစ်ပေနှင့် အမြင့်ရှစ်ပေရှိသော ကုန်သေတ္တာ ၃၂ လုံး တင်ဆောင်နိုင်ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၇-၁-၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် မိလိန္ဒပြဿနာများ (တတိယနှစ်–အရှေ့တိုင်း အထူးပြု)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း–၁၇)
၆:၅၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျာ"** (အပိုင်း–၆)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း–၃၈)

● ရှေ့ဖုံးမှ

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေး ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဘမြင့်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ ညီလာခံကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာအသင်းအဖွဲ့ များမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တိုးချဲ့ခန့်ထား

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ဝေးလံခေါင်းပါးသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းဒေသများရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးကိစ္စများကိုပါ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်နယ်နှင့်တိုင်း အသီးသီး၌ရှိသည့် ဆေးရုံများတွင် ခေတ်မီပစ္စည်းကိရိယာများ တပ်ဆင်ပေးခြင်း၊ ဆေးရုံ၊ဆေးပေးခန်းများတိုးချဲ့ ဆောက်လုပ်ပေးခြင်း၊ ဆရာဝန်များ၊ သူနာပြုများနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များကိုပါ တိုးချဲ့ခန့်ထားခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် သွားဘက်ဆိုင်ရာ ဆရာဝန် ၁၅၀၀ ခန့်သာရှိသည့် အတွက် နိုင်ငံတော်လူဦးရေနှင့် နှိုင်းစာလျှင် ပြည်သူလူထု၏ သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လက်ရှိသွားဘက်ဆိုင်ရာ ဆရာဝန် ဦးရေနှင့် အပြည့်အဝတာဝန်ယူနိုင်ရန် လိုအပ်နေသေးကြောင်း။

သို့သော်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးကို စီမံချက်များ ချမှတ်ရေးဆွဲဆောင်ရွက်လျက်ရှိသည့် အတွက် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူဦးရေကို ယခင်ကထက် နှစ်ဆကျော် တိုးတက်လက်ခံသင်ကြားပေးလျက်ရှိကြောင်း။

သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ဖြည့်တင်းခြင်းကိုလည်း နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေ ခွင့်ပြုချက်အတိုင်းအတာအရ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဂုဏ်ယူဖွယ်ရာတိုးတက်ဖြစ်ထွန်း

မကြာမီကာလအတွင်းတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) နှင့်ပူးတွဲ၍ သင်ကြားရေး ဆေးရုံသစ်ကြီးတစ်ခု ပေါ်ပေါက်လာတော့မည်ဖြစ်သည့် အပြင် ယင်းသင်ကြားရေးဆေးရုံသစ်တွင် သွားနှင့်မျက်နှာ၊ မေးရိုး၊ ခံတွင်း ခွဲစိတ်ကုသမှုများ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုတို့ကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ဂုဏ်ယူဖွယ်ရာ တိုးတက်ဖြစ်ထွန်းမှု များပင်ဖြစ်ကြောင်း။

သွားဘက်ဆိုင်ရာ ဆေးပညာအဆင့်အတန်း တိုးတက်မြင့်မားစေရေး အတွက် သွားဘက်ဆိုင်ရာမဟာသိပ္ပံဘွဲ့(M.D.Sc)သင်တန်းများ၊ သွားဘက် ဆိုင်ရာ ဆေးပညာဒီပလိုမာတစ်နှစ်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ် ကြောင်း။

ရန်ကုန်ဆေးတက္ကသိုလ်(၁)ရှိ မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုသမှု ပါရဂူ(Ph.D)ဘွဲ့သင်တန်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)ရှိ Oral Medicine and Oral Pathology Ph.D နှင့် သွားတုဆေးပညာ ပါရဂူဘွဲ့သင်တန်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းသည်လည်း သွားဘက်ဆိုင်ရာ ဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာဂုဏ်ယူဖွယ်ဖြစ်ကြောင်း။

အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော် အစိုးရအနေဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်းများမှာ ပြည်သူ လူထု၏ သွားနှင့်ခံတွင်း ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်ရေး အတွက် ပဏာမသွားနှင့်ခံတွင်းကျန်းမာရေးလုပ်ငန်းစီမံချက် (Primary Oral Health Care Project)ကို ထည့်သွင်းရေးဆွဲခဲ့ပြီး ၁၉၉၁ခုနှစ်ကစတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် မြို့နယ်ပေါင်း ၈၇ မြို့နယ်တွင် ဤစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေ ကြောင်း၊ ယင်းစီမံချက်အရ ကျေးလက်ကျန်းမာရေးဌာနမှ အခြေခံကျန်းမာရေး လုပ်သားများကို ကျေးလက်နေပြည်သူများ၏ ပဏာမသွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လေ့ကျင့်ပေးမှုများ၊ မြန်မာနိုင်ငံသွားဘက် ဆိုင်ရာ ဆရာဝန်အသင်းဝင်များဖြစ်သည့် နိုင်ငံ့ဝန်ထမ်းနှင့် ဝန်ထမ်းမဟုတ်သော သွားဘက်ဆိုင်ရာ ဆရာဝန်များကပါ ကွင်းဆင်းကုသပေးမှုများအပါအဝင် ပြည်သူများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာပြည်သူအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသ များတွင် နေထိုင်လျက်ရှိသည့်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု ငါးနှစ်စီမံကိန်းကို နိုင်ငံတော်တစ်ဝန်းလုံး တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဝင်များကလည်း မိမိတို့နှင့်သက်ဆိုင်ရာ ကဏ္ဍကနေ ပါဝင်ကူညီ ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

တိကျစွာလိုက်နာ

ခုခံအားကျဆင်းမှု ကူးစက်ရောဂါသည် ယခုအခါအာရှနိုင်ငံများ အပါ အဝင် ကမ္ဘာတစ်ဝန်းလုံးတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့်အတွက် အထူးသတိပြု သင့်သော ရောဂါပင်ဖြစ်ကြောင်း၊ အထူးသဖြင့် Prevention and Control of AIDS in Dentistry နှင့်ပတ်သက်၍ ပြည်နယ်၊ တိုင်းအသင်းခွဲများသို့ အခါအားလျော်စွာ လမ်းညွှန်မှုများ ထုတ်ပြန်ပြီး သွားနှင့်ခံတွင်းရောဂါကုသမှု မှ ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိ သည်ဆိုသည်ကို သိရသည့်အတွက် သွားဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့် တိကျစွာ လိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းအနေဖြင့် ၂၀၀၄ ခုနှစ် အတွင်း သွားဘက်ဆိုင်ရာဆေးပညာရှင်များ၏ စဉ်ဆက်မပြတ် ပညာရည် ပြန့်ပွားရေး(Continuing Education) ကို အလေးပေးဆောင်ရွက်လျက် ရှိရာ ဘာသာရပ်အလိုက် ဟောပြောပို့ချမှုများ၊ ပြည်ပမှပညာရှင်များနှင့် ပူးတွဲပြီး ယခုကဲ့သို့ ညီလာခံများ ကျင်းပမှုများကိုသာမက ပညာရပ်ဆိုင်ရာ တိုးတက်ရေး အစီအစဉ်များ တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း၊ International College of Continuing Dental Education ၏ ပံ့ပိုးကူညီမှုဖြင့် Joint Scientific Meeting ကို ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး I.C.C.D.E မှ ပညာရှင်များက ဘာသာရပ်ခုနစ်မျိုးနှင့်ပတ်သက်၍ ခေတ်မီနည်းစနစ်များကို ဟောပြောပို့ချသည်ဟု သိရကြောင်း။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ စီစဉ်ဆောင်ရွက်မှု၊ International College of Continuing Dental Education ၏ပံ့ပိုး ကူညီမှုဖြင့် စင်ကာပူနိုင်ငံမှ Dr. Myra Elliott (Oral Surgeon) ဦး ဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်ကြီးများ၊ ပညာရှင် များပူးတွဲ၍ မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုသမှုနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ပူးတွဲခွဲစိတ်ကုသမှု(Major Oral Surgical and Cleft Lip and Palate Surgical Repair)ကို ၂၀၀၄ခုနှစ် ဇူလိုင်လတွင် ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရကြောင်း။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သည့်နေရာတွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းအနေဖြင့် သွားဘက်ဆိုင်ရာ ဆရာဝန်များအား ဦးဆောင်မှုပေးကာ ပြည်သူလူထု၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားကြပါ။

ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆေးပညာအဆင့်အတန်းကို အိမ်နီးချင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရန်လည်းကောင်း၊ နေ့စဉ်နှင့် အမျှ ပြောင်းလဲတိုးတက်နေသော ကမ္ဘာ့သွားဘက်ဆိုင်ရာ ဆေးပညာရပ်များကို မြန်မာ့သွားဘက်ဆိုင်ရာ ဆေးလောကမှ ပညာရှင်များ လေ့လာခွင့်ရရှိစေရန် လည်းကောင်း၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး သွားဘက်ဆိုင်ရာ ဆေးပညာရှင်များကို စုစည်းဦးဆောင်မှုပေးနိုင်သည့် အဖွဲ့ အစည်းကြီးအဖြစ် အမြဲရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် လာကြသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ဓမ္မာစရိယစာအောင်ပုဂ္ဂိုလ်များ မဟာဘွဲ့နှင်းသဘင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၅ခုနှစ် ဓမ္မာစရိယ စာမေးပွဲ အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ်၂၅၂ ပါး၊ ပထမပြန် စာမေးပွဲတွင် ပထမကျော်အပါအဝင် အထူးအောင်ပုဂ္ဂိုလ် ၁၂ ပါး၊ နိကာယ် ငါးရပ်ပါဠိတော်စာမေးပွဲတွင် အထူး အောင်ပုဂ္ဂိုလ် ၂၀ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ဒုတိယ၊တတိယ ရရှိသူကိုးဦး တို့အား ဘွဲ့တံဆိပ်များနှင့် အောင် လက်မှတ်များ ဆက်ကပ်လှူဒါန်းမည့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၆၆ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက် (ဖေဖော်ဝါရီ ၁၉ ရက်) စနေနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သီရိ မင်္ဂလာကမ္ဘာအေး ကုန်းမြေရှိ မဟာ ပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါမဟာဘွဲ့နှင်းသဘင်အခမ်း အနားသို့ကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာ တော်များအား စာတိုက်မှပင့်စာများ ပေးပို့ ဆက်ကပ် ပင့်ဆောင်ပြီးဖြစ် သော်လည်း ပင့်စာများကို အချိန်မီ မရရှိပါက ကြွရောက်တော်မူကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက် ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းသား၊ သင်တန်းသူများအားရင်းရင်းနှီးနှီးတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၆) သင်တန်းသား၊ သင်တန်းသူများ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ ရောက်ရှိပြီး လေ့လာရေးအဖွဲ့ဝင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အတူ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် အဖွဲ့ဝင်များ၊ ကြိုဆိုနေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံးတပ်မှူးနှင့် အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် တာဝန်ရှိသူများ၊ လုပ်ငန်းအဖွဲ့ခွဲရှိ အဖွဲ့ငယ်များမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်းနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ယင်းနောက် လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လေ့လာရေးအဖွဲ့ဝင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လေ့လာရေးအဖွဲ့ဝင်များ စိတ်ချမ်းမြေ့စွာ တည်းခိုနေထိုင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၁-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးတော်ရှင် မင်းကွန်း ဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုး တော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာ ဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၅ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ရန်ကုန်တိုင်းပေါင်းလောင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၁၇:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၂၀ ၇။ တေးသရုပ်ဖော်အစီအစဉ်
- ၁၇:၃၀ ၈။ **"အမွန်မြတ်ဆုံးလက်ဆောင်"** နေရဲလင်း၊နှင်းဦ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ တင်တင်လှ (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၁၇:၅၀ ၉။ တေးဂီတအစီအစဉ်
- ၁၈:၀၀ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၁၈:၂၅ ၁၂။ Myanmar ICT week ဂုဏ်ပြုအစီအစဉ်
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း-၁)
- ၁၉:၁၅ ၁၆။ ထူးကဲမြင့်မြတ်ပူဇော်အပ်သည့် သာသနာ့အာဇာနည်(အပိုင်း-၃)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"မမေ့နိုင်တာချစ်လို့"** (အပိုင်း-၁) လူမင်း၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-ဟိန်းစိုး)

အရှေ့တောင်အာရှ ခရီးသွားလုပ်ငန်းတိုးတက်စေရန် ခရီးသွားလုပ်ငန်းဝန်ကြီးများ မလေးရှား၌ ဆွေးနွေး

လန်ကာဝီ(မလေးရှား) ဇန်နဝါရီ ၂၅

အရှေ့တောင်အာရှနိုင်ငံများ၏ အစိုးရများသည် နိုင်ငံခြားသားခရီးသွားများအား မကြာသေးမီကဖြစ်ပွားခဲ့သည့် ဆူနာမီစိုးရိမ်မှုများအပေါ် ယင်းတို့၏ အားလပ်ရက် လည်ပတ်ရေးအစီအစဉ်များကို မပယ်ဖျက်သင့်ကြောင်း၊ ယင်းဒေသတွင် အပန်းဖြေကျွန်းများနှင့် အပန်းဖြေကမ်းခြေများကို လုံခြုံဘေးကင်းမှုရှိအောင် စီမံဆောင်ရွက်ထားကြောင်း တနင်္လာနေ့က တိုက်တွန်း ပြောကြားလိုက်သည်။

အရှေ့တောင်အာရှ ၁၀ နိုင်ငံမှ ခရီးသွားလုပ်ငန်းဝန်ကြီးများသည် မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ ခရီးသွားလုပ်ငန်းများ ပြန်လည်တိုးတက်ကောင်းမွန်ရေးအတွက် နှစ်ရက်ကြာ အစည်းအဝေးတစ်ရပ်ကျင်းပခဲ့သည်။

မိမိတို့သည် ဆူနာမီသတိပေးစနစ်များကဲ့သို့ လုံခြုံစိတ်ချရသော အပန်းဖြေစခန်းများ လုပ်ဆောင်လျက်ရှိကြောင်း မလေးရှား ခရီးသွားဝန်ကြီး လီယိုမိုက်ကယ်ကိုရပ်ဒ်က ပြောကြားသည်။

ဖိတ်ခေါ်မည်

အာဆီယံအဖွဲ့ဝင်များသည် ခရီးသွားများလာရောက်ရာ ဒေသကြီးတစ်ခုအဖြစ် ခရီးသွားဧည့်သည်များအား ဆွဲဆောင်စေရန် နိုင်ငံတကာခရီးသွား စာရေးဆရာများကို ဖိတ်ခေါ်မည်ဖြစ်ကြောင်း၊ ပင်လယ်ရပ်ခြားနိုင်ငံများသို့ ခရီးသွားဗီဒီယိုခွေများ ပေးပို့သွားမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်းတိုးမြှင့်ရန် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ကိုရပ်ဒ်က ပြောကြားသည်။

အရှေ့တောင်အာရှတွင် ခရီးသွားလုပ်ငန်းမှ ငွေကြေးအမြောက်အမြားရရှိနေကြောင်း၊ ယခုနှစ်တွင် ခရီးသွားဧည့်သည် သန်း ၅၀ လာရောက်မည်ဟု မျှော်လင့်ထားကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ၅၆ သန်းအထိ လာရောက်ရန် စီမံချက်များ လုပ်ဆောင်ထားကြောင်း သိရသည်။ **အမ်အင်အေ၊အေပီ**

ထိုင်းနိုင်ငံ ဖူးကက်ရှိ ပသောင်းကမ်းခြေတွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား ပို့ဆောင်ပေးရန် စက်လှေများ အသင့်ပြင်ဆင်ထားမှုကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ကျည်ဆန်ရထားအကြောင်း ရေးခဲ့သည့်စာအုပ် ဒေါ်လာ ၂၂၄၀ ဖြင့် လေလံတင်ရောင်းချ

လန်ဒန် ဇန်နဝါရီ ၂၄

ကျည်ဆန်ရထားများ၊ မောင်းသူမဲ့ဂေါက်လှည်းများ၊ ရုပ်မြင်သံကြားများနှင့် ဒီဂျစ်တယ်နာရီများအကြောင်း ကြိုတင်ဟောကိန်းထုတ်ရေးသားခဲ့သော ၁၈၉၂ ခုနှစ်က စာအုပ်တစ်အုပ်ကို စနေနေ့၌ ပေါင် ၁၂၀၀ (အမေရိကန်ဒေါ်လာ ၂၂၄၀)ဖြင့် လေလံတင်ရောင်းချလိုက်ကြောင်း သိရသည်။

အဆိုပါစာအုပ်ကို ရေးသားခဲ့သည့် စာရေးဆရာမှာ ဆွစ်ဇာလန်နိုင်ငံသား ကြေးစားဂေါက်သီးရိုက် အားကစားသမား ဂျက်မက်ကားလောက် ဖြစ်သည်။ ၎င်းသည် အမျိုးသားများက ဂေါက်သီးရိုက်လေ့ကျင့်မှုများ တစ်ချိန်လုံး ကြိုးစားလေ့ကျင့်နေချိန်တွင် အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ ဝတ်ဆင်ပြီး အလုပ်အားလုံးကို လုပ်ကိုင်ရန် တိုက်တွန်း ရေးသားထားသည်။

တီထွင်

အဆိုပါစာရေးဆရာ ရေးသားခဲ့သော ၂၀၀၀ ပြည့်နှစ် ဂေါက်စာအုပ်မှာ လူသိနည်းပါးခဲ့သည်။

မောင်းသူမဲ့ ဂေါက်လှည်းများသည် ၁၉၈၀ ပြည့်နှစ်က အမှန်တကယ် ပေါ်ပေါက်ခဲ့သည်။ ဂျပန်နိုင်ငံ၏ ကျည်ဆန်ရထားသည် ၁၉၆၄ ခုနှစ်က အမှန်တကယ်ဖြစ်ပေါ်ခဲ့သည်။ ဒီဂျစ်တယ် နာရီများသည် ၁၉၇၀ ပြည့်လွန်နှစ်များက အမှန်တကယ် တီထွင်လာနိုင်ခဲ့သည်။

ဟောကိန်းထုတ်

မက်ကားလောက်သည် ရိုင်ဒါဖလားကဲ့သို့ နိုင်ငံတကာ ဂေါက်သီးရိုက် ယှဉ်ပြိုင်ကစားမှုများ ဟောကိန်းထုတ်ရေးသားခဲ့ရာ ၁၉၂၇ ခုနှစ်က ပထမဆုံး ပေါ်ထွန်းလာခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

မောရစ်သျှဝန်ကြီးချုပ် တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိ

ပေကျင်း ဇန်နဝါရီ ၂၄

မောရစ်သျှဝန်ကြီးချုပ် ပေါလ်ရေမွန်ဘာရင်ဂျာသည် တရုတ်နိုင်ငံ၌ ခုနစ်ရက်ကြာ စတင်လည်ပတ်ရန် ပေကျင်းသို့ တနင်္ဂနွေနေ့က ရောက်ရှိလာခဲ့သည်။

ဘာရင်ဂျာသည် ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်ထိ တရုတ်နိုင်ငံ၌ လည်ပတ်မည်ဖြစ်ပြီး အရှေ့တောင်ပိုင်နန်ပြည်နယ်ရှိ ကမ်းရိုးတန်းမြို့ဖြစ်သော ဆန်ယာနှင့် ရှန်ဟိုင်းမြို့များသို့ သွားရောက်မည်ဖြစ်သည်။ ဘာရင်ဂျာ၏ တရုတ်နိုင်ငံခရီးသည် ၎င်းတာဝန်ယူခဲ့ချိန်မှစပြီး တရုတ်နိုင်ငံသို့ ပထမဆုံးလာရောက်ခဲ့ချိန် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နှင်းမုန်တိုင်းကြောင့် လေယာဉ်ခရီးစဉ်များဖျက်သိမ်း

လန်ဒန် ဇန်နဝါရီ ၂၅

ဗြိတိန်နှင့် အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ မြို့ကြီးများကြားတွင် နှင်းမုန်တိုင်းများ ကျရောက်နေသောကြောင့် ဗြိတိန်နှင့် ၎င်းမြို့ကြီးများသို့ ပျံသန်းသည့် ခရီးစဉ် ၃၁ ခုအား ဖျက်သိမ်းထားရကြောင်း ဘီဘီစီသတင်းဌာနမှ စနေနေ့က သတင်းထုတ်ပြန်ခဲ့သည်။

လန်ဒန်(ဟီးသရိုး)သည် လန်ဒန်နှင့် အမေရိကန်ပြည်ထောင်စု၏ နယူးယောက်မြို့၊ ဘော့စတန်နှင့် ဖီလာဒယ်ဖီးယားမြို့များသို့ ပျံသန်းသည့် ခရီးစဉ် ၂၉ ခုစလုံးအား နှင်းမုန်တိုင်းကြောင့် ဖျက်သိမ်းခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၎င်းမြို့များတွင် နှင်းမုန်တိုင်းများကြောင့် လေဆိပ်များတွင် ပိတ်ဆို့မှု အနည်းငယ်သာဖြစ်ခဲ့သော်လည်း ခရီးသည်များ လေဆိပ်တွင် ခရီးသောင်တင်ကြန့်ကြာမည့်အခြေအနေများ မရှိကြောင်း ဟီးသရိုးလေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာကြီးပူနွေးလာမှု အန္တရာယ်ရှိအမှတ်အသားသို့ ရောက်ရှိ ရေခဲပြင်များ အရည်ပျော်၊ သန္တာကျောက်များ ပျက်စီး

လန်ဒန် ဇန်နဝါရီ ၂၅

ကမ္ဘာကြီးပူနွေးလာခြင်းသည် အန္တရာယ်ရှိအမှတ်အသားသို့ ရောက်နေပြီဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှု လျှော့ချရန် အရေးတကြီးအဆင့်များ ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အဖွဲ့ဥက္ကဋ္ဌ အာပါချောရီက ပြောကြားသည်။

ကမ္ဘာကြီးသည် လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်များ အန္တရာယ်ဖြစ်ပွားစေလောက်အောင် များပြားနေသောအဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း၊ လူသားများ အသက်ရှည်နေထိုင်ရန် လေထုညစ်ညမ်းစေမှုများ၊ အလွန်တရာလျှော့ချမှုများ အလျင်အမြန်လုပ်ဆောင်ရန် လိုအပ်လာပြီဖြစ်ကြောင်း ပါချောရီက မကြာသေးမီက ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အန်ဒမန် ပင်လယ်ကြမ်းပြင်၌ ပေါက်ရောက်နေသော သန္တာကျောက်တန်း ပန်းခက်ကြီးတစ်ပွင့်ကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သန္တာကျောက်တန်းများ ပျက်စီးမှုများပြား ကျယ်ပြန့်လာခြင်း၊ အာတိတ်သမုဒ္ဒရာတွင် ရေခဲပြင်များလျင်မြန်စွာ အရည်ပျော်ကျလာခြင်းတို့သည် မိမိတို့အား အန္တရာယ်အမှတ်ကို ကြုံတွေ့စေနိုင်ကြောင်း၊ ယင်းအန္တရာယ်အမှတ်ကို ရှောင်ရှားနိုင်ရန် အိုင်ပီစီစီကို ထူထောင်ခဲ့ခြင်းဖြစ်သည်ဟု ပါချောရီက ပြောကြားသည်။

ပျက်စီး

ကမ္ဘာတစ်ဝန်းမှ သန္တာကျောက်တန်းပင်များသည် ပင်လယ်များပူနွေးလာပြီး ရေပြင်အပူချိန်မြင့်မားလာမှုကြောင့် အပင်များညှိုးနွမ်းသေကျေလျက်ရှိသည်။ ယင်းတို့၏အရောင်များသည်လည်း အဖြူရောင်သို့ ပြောင်းလာပြီး ကမ္ဘာ့သန္တာကျောက်တန်း လေးပုံတစ်ပုံသည် ယင်းကဲ့သို့ဖြစ်မှုကြောင့် ပျက်စီးခဲ့ရသည်။

နှစ်စဉ် သိပ္ပံပညာရှင် ၃၀၀ ခန့်၏ လေ့လာချက်အရ အာတိတ်ရေခဲပြင်သည် နှစ်ဆပူနွေးလာကြောင်း၊ ၎င်း၏ ရေခဲအငူသည် လွန်ခဲ့သော ၁၀ စုနှစ် သုံးခုက ၂၀ ရာခိုင်နှုန်း ကျုံ့သွားကြောင်း၊ ယင်းရေခဲပြင်သည် ၁၉၇၀ ပြည့်လွန်နှစ်များကထက် ၄၀ ရာခိုင်နှုန်း ပါးလွှာလာကြောင်း၊ ၎င်းသည် ၂၀၇၀ ပြည့်နှစ်တွင် ပျောက်ကွယ်သွားမည်ဟု မျှော်လင့်ရကြောင်း သိရသည်။ **အမ်အင်အေ၊ပီတီအိုင်**

ဘောလ်တစ်ပင်လယ်မှငါးအချို့ အဆိပ်အတောက်ဖြစ်စေနိုင်

အော့စလို ဇန်နဝါရီ ၂၅

စက်မှုလုပ်ငန်းများမှထွက်သော အဆိပ်အတောက်များသည် သဘာဝတောရိုင်းတိရစ္ဆာန်များဖြစ်သော ပင်လယ်ဖျံများမှသည် သိန်းငှက်များအထိ ဘေးဥပဒ်ဖြစ်စေနိုင်သည့်အတွက်ကြောင့် ဘောလ်တစ်ပင်လယ်ထဲမှ ငါးအချို့ကို စားသုံးလျှင် အစာအဆိပ်အတောက်ဖြစ်စေနိုင်ဖွယ်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ အင်္ဂါနေ့က ပြောကြားသည်။

ဥရောပအရှေ့မြောက်ပင်လယ်တွင် ရေတိမ်ပြီး ရေများငန်ကျိကျိအခြေအနေကြောင့် ဘောလ်တစ်ပင်လယ်၏ အချို့နေရာများမှ ဖမ်းမိသောငါးများသည် အဆိပ်မိနေသော ငါးများဖြစ်နေကြပြီး ဥရောပနိုင်ငံများရှိ ဈေးကွက်များအတွက် အဆိပ်သင့်နိုင်ဖွယ်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကင်ဆာဖြစ်ပွားနိုင်

၁၉၉၅ ခုနှစ်က ဆွီဒင်နိုင်ငံသည် ကိုယ်ဝန်ဆောင်နိုင်သော အသက်အရွယ်ရှိ အမျိုးသမီးများအနေဖြင့် ဘောလ်တစ်ပင်လယ်ကမ်းမှ ဖမ်းမိသော ငါးသလောက်နှင့် ဆာမွန်ငါးများတွင် ပီစီဘီ၊ ဒိုင်အောက်စင်နှင့် ပိုးသတ်ဆေးများဖြင့် ညစ်ညမ်းနေသည့်အတွက်ကြောင့် ယင်းငါးများကို အကန့်အသတ်ဖြင့်သာစားသုံးသင့်ကြောင်း၊ ၎င်းတို့သည် ကလေးမွေးဖွားရာတွင် အခက်အခဲဖြစ်နိုင်သည့်ပြင် ကင်ဆာရောဂါ ဖြစ်ပွားနိုင်ကြောင်း သတိပေးနှိုးဆော်ခဲ့သည်။

ဘောလ်တစ်ပင်လယ်သည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်လွယ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းသည် အတ္တလန္တိတ်သမုဒ္ဒရာတွင်းသို့ စီးဝင်ရန် ဆွီဒင်နှင့် ဒိန်းမတ်နိုင်ငံများကြားတွင် ကျဉ်းမြောင်းစွာ ပွင့်နေသော ထွက်ပေါက်ဖြစ်ပြီး အားလုံးနီးပါး ကျွန်းများဝန်းရံလျက်ရှိသော ပင်လယ်ကြောင့်ဖြစ်သည်။ ဘောလ်တစ်ပင်လယ်တွင်းသို့ စီးဝင်သော အချို့မြစ်များသည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

နှစ်မြုပ်

နော်ဝေနိုင်ငံ အနောက်ပိုင်း အယ်လ်ဂျီဆိပ်ကမ်း၌ အိုင်ယာလန် ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်သွား သည်ကို ဇန်နဝါရီ ၂၄ရက်က တွေ့ရစဉ်။

(ယင်း ငါးဖမ်းသင်္ဘောမှ သင်္ဘောသား ၁၁ဦး အသက်ဘေးမှ လွတ်မြောက်သွားကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ခုနှစ်အတွင်း အီဂျစ်သို့လာသည့်ကမ္ဘာလှည့်ခရီးသည် ၂၀၀၃ခုနှစ်ကထက် ၁၇ဒသမ ၂ရာခိုင်နှုန်းမြင့်တက်ခဲ့

ကိုင်ရို ဇန်နဝါရီ ၂၃

အီဂျစ်နိုင်ငံသို့ ၂၀၀၄ခုနှစ်အတွင်း လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည် ဦးရေသည် ၇ဒသမ ၅သန်းရှိခဲ့ရာ ၂၀၀၃ခုနှစ်က ရောက်ရှိခဲ့သည့် ၆ဒသမ ၄သန်းနှင့် နှိုင်းစာလျှင် ၁၇ဒသမ ၂ရာခိုင်နှုန်းမြင့်တက်ကြောင်း မီနာသတင်းဌာနက ဖော်ပြသည်။

မှုသေမဟုတ်

အီဂျစ်အစိုးရအဖွဲ့ ပြန်ကြားရေးနှင့် ဆုံးဖြတ်ချက် အထောက်အကူပြုဌာနက ထုတ်ပြန်သော အစီရင်ခံစာ၌ ၂၀၀၄ခုနှစ်အတွင်း မှုသေမဟုတ်ဘဲ အရှင်ထားသော ဟိုတယ်နှင့် ကမ္ဘာလှည့် ခရီးသည်ကျေးရွာ ၁၄၀၈ထိရှိခဲ့ပြီး ကမ္ဘာလှည့် ခရီးသည်များတည်းခိုရာ အခန်းအရေအတွက်သည် ၁၃၆၅၀၀ထိရှိခဲ့သည်ဟု ဖော်ပြထားသည်။

မျှော်လင့်

ထို့ပြင် အီဂျစ်ဗဟိုဘဏ်ကလည်း ၂၀၀၄ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည်များထံမှ ဝင်ငွေ ဒေါ်လာ ၆ဒသမ ၁ဘီလီယံရရှိခဲ့ကြောင်း ပြောကြားသည်။ ဇန်နဝါရီလ အစောပိုင်း၌ အီဂျစ်ခရီးသွားလုပ်ငန်းဝန်ကြီးက သတင်းစာရှင်းပွဲ၌ အီဂျစ်နိုင်ငံသည် ၂၀၁၀ပြည့်နှစ်၌ ကမ္ဘာလှည့်ခရီးသည် ၁၂သန်း နှင့် ၂၀၁၄ခုနှစ်၌ ၂၅သန်း အီဂျစ်နိုင်ငံသို့ လာရောက်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်အကျဉ်းသားများအားနှိပ်စက်မှု ဒိန်းမတ်တပ်ဖွဲ့ဝင်များအားတရားစွဲဆို

ကိုပေဟေဂင် ဇန်နဝါရီ ၂၄

အီရတ်နိုင်ငံ တောင်ပိုင်းရှိ ဒိန်းမတ်စစ်ဌာနချုပ်၌ အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုဖြင့် ဒိန်းမတ်ထောက်လှမ်းရေး အရာရှိတစ်ဦးနှင့် စစ်ရဲတပ်ဖွဲ့ဝင်လေးဦးအား တရားစွဲဆိုလိုက်ကြောင်း ဒိန်းမတ်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဖော်ပြ

ဗိုလ်ကြီးအမ်နီမတ်ဟွမ်မဲလ်နှင့် တပ်ဖွဲ့ဝင်လေးဦးသည် ပြီးခဲ့သောနှစ် စစ်ဆေးမှုများ ပြုလုပ်စဉ်အတွင်း စစ်ဘက်ဆိုင်ရာ ဥပဒေကို ချိုးဖောက် ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက ထောင်ဒဏ်တစ်နှစ်ထိ ကျခံရဖွယ်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကျူးလွန်

ဟွမ်မဲလ်သည် အီရတ်အကျဉ်းသားများအား ရိုင်းပြစွာဆက်ဆံမှု၊ နာကျင်အောင် လုပ်မှုများအပြင် အစားအစာ၊ ရေနှင့်ကိုယ်လက်သန့်စင်ဆောင်ရွက်မှုများကို တားမြစ်ပိတ်ပင်မှုအပါအဝင် ဖျားနာ၍ ဆေးဝါးကုသမှုများကို ပိတ်ပင်ခြင်းစသော ပြစ်မှုများကျူးလွန်ခဲ့သည်။ အီရတ်နိုင်ငံတောင်ပိုင်း စစ်ဌာနချုပ်တွင် ဒိန်းမတ်တပ်ဖွဲ့ဝင် ၅၀၀နီးပါး တာဝန်ထမ်းဆောင်လျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

အကြမ်းဖက်မှုနှင့် ဆီးရီးယားဆက်စပ်ဟု အမေရိကန်စွပ်စွဲချက် အရှေ့အလယ်ပိုင်း လုံခြုံရေးကိုထိခိုက်စေမည်ဟု ရုရှားပြောကြား

မော်စကို ဇန်နဝါရီ ၂၄

အကြမ်းဖက်မှုနှင့်ဆီးရီးယားနိုင်ငံဆက်စပ်မှုရှိကြောင်း အမေရိကန်ပြည်ထောင်စုက ဆီးရီးယားနိုင်ငံအား စွပ်စွဲခဲ့ခြင်းအတွက် ရုရှားနိုင်ငံက အမေရိကန်ပြည်ထောင်စုကို ပြစ်တင်ရှုတ်ချလိုက်သည်။

ထိုစွပ်စွဲပြောဆိုချက်သည် အရှေ့အလယ်ပိုင်းလုံခြုံရေးကို ထိခိုက်စေမည်ဖြစ်သည်ဟု ရုရှားနိုင်ငံကပြောဆိုခဲ့ပြီး ထိုကဲ့သို့ နိုင်ငံများအပေါ် စွပ်စွဲ ပုတ်ခတ်ခြင်း နှင့် မိစ္ဆာဝင်ရိုးတန်းနိုင်ငံများဟု တစ်ဖက်သတ် ပြောဆိုခြင်းတို့သည် မည်သည့်နိုင်ငံ၏လုံခြုံရေးကိုမျှ တိုးတက်စေမည် မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ အလက်ဇန္ဒားယာကိုဗင်ကိုက အင်တာဖက် သတင်းဌာနသို့ ပြောကြားသည်။

အဓိကကျ

ဆီးရီးယားနိုင်ငံသည် ဒေသတွင်း၌ အဓိကကျသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဆီးရီးယားပြဿနာနှင့်စပ်လျဉ်း၍ အစ္စရေးနှင့် ဆွေးနွေးပွဲများ ပြန်စခြင်းသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းတွင်အရေးပါအရာရောက်သော အကြောင်းအရာဖြစ်သည်ဟု ၎င်းကပြောကြားသည်။

ယာကိုဗင်ကိုသည် ရှေ့သီတင်းပတ်ထဲ၌ ဆီးရီးယားသမ္မတ ရုရှားသို့လာရောက်မလည်ပတ်မီ ကြိုတင်၍ ဝေဖန်ပြောကြားခြင်းဖြစ်သည်။

သတိပေး

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ်သတ်မှတ်ရွေးချယ်ထားသော ကွန်ဒိုလီဇာရိုက်စ်က ဆီးရီးယားနိုင်ငံသည် အီရတ်အရေးကိစ္စတွင်ဝင်ရောက်စွက်ဖက်ပြီး အကြမ်းဖက်မှုနှင့် ဆက်စပ်မှုရှိကြောင်း သက်ာမကင်းသဖြင့် အသစ်တဖန် ပိတ်ပင်အရေးယူမှုခံရမည်ဖြစ်ကြောင်း သတိပေးထားသည်။ **အမ်အင်အေ၊ရိုက်တာ**

နိုင်ငံတကာ သတင်းများ

တန်ဇန်းနီးယားနိုင်ငံအား ပိုလီယိုကင်းရှင်းမှု လက်မှတ် ဒဗလျူအိပ်ချ်အို ပေးအပ်မည်

ဒါရက်ဆလမ် ဇန်နဝါရီ ၂၄

ပြီးခဲ့သည့် ရှစ်နှစ်အတွင်း အရှေ့အာဖရိကနိုင်ငံဖြစ်သည့် တန်ဇန်းနီးယားနိုင်ငံတွင် ပိုလီယိုရောဂါဖြစ်ပွားမှု မရှိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ရာ ယင်းတန်ဇန်းနီးယားနိုင်ငံအတွက် ပိုလီယိုရောဂါကင်းရှင်းကြောင်း အသိအမှတ်ပြုလက်မှတ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)က ပေးအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

မကြာမီနှစ်များအတွင်း တန်ဇန်းနီးယားနိုင်ငံနှင့် နယ်နိမိတ် ဆက်စပ်နေသော နိုင်ငံများတွင် ပိုလီယိုရောဂါဖြစ်ပွားမှု ကင်းရှင်းခဲ့ကြောင်းတန်ဇန်းနီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဆိုင်ရာ ကာကွယ်မှုဌာန ညွှန်ကြားရေးမှူး အလီအမ်ဇီဂီက ပြောကြားသည်။

လွန်ခဲ့သည့်၁၉၉၆ခုနှစ်ကတည်းကစပြီး တန်ဇန်းနီးယားနိုင်ငံတွင် ပိုလီယိုရောဂါဖြစ်ပွားမှုမရှိခဲ့ကြောင်း ကျန်းမာရေးအရာရှိများက ပြောကြားခဲ့သည်ဟုလည်း ပြည်တွင်းထုတ်သည်စီတီဇင်သတင်းစာက ဖော်ပြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)အနေဖြင့် ပိုလီယိုရောဂါကင်းရှင်းသည့် အသိအမှတ်ပြု လက်မှတ်မပေးအပ်မီ တန်ဇန်းနီးယားနိုင်ငံတွင် ပိုလီယိုရောဂါနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ဦးမည်ဖြစ်ကြောင်းလည်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကင်းလှည့်

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့ရှိ ရှိတ်အယ်အာရပ်ရေပိုင်နက်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ ကင်းလှည့်နေသည်ကို ဇန်နဝါရီ ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်ကို အမေရိကန်တိုက်လျှင် အမှားကြီးကျူးလွန်ရာရောက်မည်

တီဟီရန် ဇန်နဝါရီ ၂၄

အီရန်နိုင်ငံအား တစ်စုံတစ်ရာတိုက်ခိုက်ရန် ကြိုးပမ်းမှုကို ဆန့်ကျင်ကြောင်း အမေရိကန်ပြည်ထောင်စုကို အီရန်နိုင်ငံက တနင်္ဂနွေနေ့၌ သတိပေးလိုက်ပြီး အီရန်နိုင်ငံအပေါ် တစ်စုံတစ်ရာ ရန်လိုသော လှုပ်ရှားဆောင်ရွက်မှုသည် ကြီးမားသော မဟာဗျူဟာအမှားဖြစ်လိမ့်မည်ဟု အီရန်နိုင်ငံက ပြောကြားလိုက်သည်။

အီရန်နိုင်ငံသည် ကိုယ်တိုင်အပြည့်အဝကာကွယ်နိုင်စွမ်းရှိရာ ကြီးမားသော မဟာဗျူဟာအမှားကိုကျူးလွန်လိုသူများသည် အီရန်နိုင်ငံကိုတိုက်ခိုက်ခြင်း၏ သဘောတရားကိုသိရှိသွားကြမည်ဖြစ်ကြောင်းနိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရှိသူဟာမစ်ရီဇာအာဆီဖီက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ ထိုသို့ဆိုသော်လည်းအာဆီဖီက အမေရိကန် ပြည်ထောင်စု၏ ခြိမ်းခြောက်မှုသည် စိတ်ဓာတ်ရေးရာ စစ်ပွဲသာဖြစ်ကြောင်း၊ အမေရိကန်တို့သည် တကယ်တမ်းတိုက်မည်မထင်ကြောင်း အာဆီဖီကပြောကြားသည်။

အမေရိကန်မူဝါဒများ ရပ်တန့်သွားရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းက အရေးယူ ဆောင်ရွက်သွားရန် အာဆီဖီက တိုက်တွန်းလိုက်ပြီး ဘုရှ်အစိုးရကို နိုင်ငံတကာအသိုင်းအဝိုင်းက အနီးကပ်စောင့်ကြည့်မြဲကြည့်မည်ဟုအီရန်က မျှော်လင့်ကြောင်း ပြောကြားသည်။

သမ္မတဂျော့ဒဗလျူဘုရှ်သည် ဒုတိယသက်တမ်းအတွက် ကြာသပတေးနေ့က ကျမ်းကျိန်ခဲ့ပြီး ဒုတိယသမ္မတ ဒစ်ချေနီက အီရန်နိုင်ငံအား ကမ္ဘာကို ဒုက္ခပေးသော နိုင်ငံများစာရင်း၌ ထိပ်ဆုံးမှထားရှိခဲ့ရာ အီရန်နိုင်ငံသည် မည်သည့်ကျူးကျော်ရန်လိုမှုကိုမဆို ကြံ့ကြံ့ခံ ရင်ဆိုင်သွားမည်ဟု အီရန်သမ္မတ မိုဟာမက်ခါတာမီက တုံ့ပြန်ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်တွင် နှင်းမုန်တိုင်းများတိုက်ခတ် လေယာဉ်ခရီးစဉ်များဖျက်သိမ်း ယာဉ်တိုက်ခိုက်မှုများဖြစ်ပွား

ဝါရှင်တန် ဇန်နဝါရီ ၂၄

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ်များတွင် စနေနေ့က နှင်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရပြီး အဝေးပြေးကားလမ်းမကြီးများတွင်လည်း ကားများပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဆောင်းဦးရာသီ၏ ပထမဆုံးနှင်းမုန်တိုင်းသည် စနေနေ့ နေ့လယ်ပိုင်းက အရှေ့မြောက်ပြည်နယ်များတွင် တိုက်ခတ်ခဲ့ပြီး နယူးယောက်မြို့နှင့် နယူးဂျာစီမြို့များမှ ဒေသဆိုင်ရာ အရာရှိများက အဝေးပြေးလမ်းများနှင့် လမ်းမကြီးများတွင် အရေးပေါ်နှင်းများ ရှင်းလင်းမှု ဆောင်ရွက်နိုင်ရန်အတွက် ဒေသခံများအား အိမ်အပြင်မထွက်ကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

ဖျက်သိမ်း

အမေရိကန်ပြည်ထောင်စု၏ မြို့ကြီးများမှလေယာဉ်ခရီးစဉ် ၁၀၀၀နီးပါးဖျက်သိမ်းခဲ့ရပြီး အဝေးပြေးလမ်းမကြီးများတွင် ယာဉ်တိုက်ခိုက်မှု ဒါဇင်ပေါင်းများစွာဖြစ်ပွားခဲ့ရသည်။ အနောက်အလယ်ပိုင်း ပြည်နယ် အချို့ဒေသများတွင် နှင်းများထူထပ်စွာ ကျရောက်ခဲ့ပြီး လေပြင်းမုန်တိုင်းသည်တစ်နာရီလျှင် မိုင်၆၀ကျော်နှုန်းဖြင့် အနောက်အလယ်ပိုင်း ဒေသများကို ဖြတ်သန်းတိုက်ခတ်လာခဲ့ပြီးနောက် အရှေ့မြောက်ပိုင်းဒေသများတွင် နှင်းမုန်တိုင်းများကျရောက်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဇန်နဝါရီ၂၆ ရက်က အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၆)နှစ်မြောက် နှစ်ပတ်လည်နေ့ ညှိခံပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့အား အိန္ဒိယသံအမတ်ကြီး Mr. Rajiv Kumar Bhatia က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကွင်းကောက်ဒေသ ရော်ဘာမျိုးကောင်းမျိုးသန့်တိုးချဲ့စိုက်ပျိုး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် လိုအပ်သည်များဆွေးနွေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၆

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ၂၄ ရက် နံနက်ပိုင်းက အင်္ဂပူမြို့နယ် ကွင်းကောက်မြို့သို့ရောက်ရှိပြီး နယ်မြေခံတပ်မှ စိုက်ပျိုးထားရှိသည့် ငရုတ်ကောင်းအပင် ၃၅၀၀ စိုက်ခင်းနှင့် ဧက ၂၀၀၀ ရှိ သီဟိုဠ်ခြံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ၁၇၅ ဧကရှိ ရော်ဘာစိုက်ခင်းနှင့် ဆီအုန်း သုံးဧက စမ်းသပ်စိုက်ခင်းသို့ ရောက်ရှိပြီး ရော်ဘာနှင့် ဆီအုန်းပင်များ စိုက်ပျိုးရှင်သန်ဖြစ်ထွန်းမှု၊ စိုက်ပျိုးပြီး ရော်ဘာမှရော်ဘာစေးထုတ်လုပ်မှုနှင့် ရော်ဘာပြားများပြုလုပ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ရော်ဘာပင်များ တိုးချဲ့စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ကွင်းကောက်ဒေသ ရော်ဘာစိုက်ပျိုးရေးခြံတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက တာဝန်ယူ၍ ၁၉၉၄-၁၉၉၅ ခုနှစ်မှ စတင်ပြီး MPG မျိုးသန့်ရော်ဘာပင်များကို စိုက်ပျိုးခဲ့ကြောင်းနှင့် ရော်ဘာမျိုးကောင်း မျိုးသန့်များ ဆက်လက်တိုးချဲ့စိုက်ပျိုး သွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ရှေ့ဖုံးမှ

တွဲဖက် စစ်ထောက်ချုပ် ဗိုလ်ချုပ် ထင်အောင်ကျော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေးအကဲဖြတ် စိစစ်ရေး အဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ ဘင်ခရာတီးဝိုင်းအဖွဲ့ဝင်များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တီးဝိုင်း အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလေးပြု

ရှေးဦးစွာ စစ်တီးဝိုင်းပြိုင်ပွဲဝင် အသင်းများသည် စုရပ်မှ ပြည်သူ့ရင်ပြင်သို့ ချီတက် နေရာယူကြသည်။ ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား အလေးပြုကြပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက်ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ယင်းနောက် နှစ် (၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နှစ်(၆၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော် (ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲတွင် (ဂ)အဆင့် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှု တတိယဆုရ အမှတ် (၅၅) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းခေါင်းဆောင်၊ ဒုတိယဆုရအမှတ်(၂)စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြုစစ်တီးဝိုင်းခေါင်းဆောင်နှင့် ပထမဆုရ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)ခေါင်းဆောင်တို့အား လည်းကောင်း၊ (ခ)အဆင့် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှုဆု ရရှိကြသည့် တတိယဆုရ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းခေါင်းဆောင်နှင့် ပထမဆုရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်တို့အားလည်းကောင်း၊ (က)အဆင့် စစ်တီးဝိုင်းခေါင်းဆောင်ကျွမ်းကျင်မှု အကောင်းဆုံးဆုရရှိသည့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်တို့အားလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆုများပေးအပ်ချီးမြှင့်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက စစ်တီးဝိုင်းပြိုင်ပွဲအသင်းလိုက်ဆုများကို ချီးမြှင့်ရာ (ဂ)အဆင့် အသင်းလိုက် အထူးဆု(၇) ရရှိသည့် အမှတ်(၇)စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၆) ရရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)၊ အထူးဆု(၅) ရရှိသည့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ အထူးဆု(၄)ရရှိသည့် အမှတ်(၂)စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၃) ရရှိသည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၂)ရရှိသည့် အမှတ်(၃) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၁)ရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ တတိယဆုရရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ ဒုတိယဆုရရှိသည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၁)၊ ပထမဆုရရှိသည့် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတို့မှ စစ်တီးဝိုင်း ခေါင်းဆောင်များအား ဆုများပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ (ခ)အဆင့်အသင်းလိုက်အထူးဆု(၇)ရရှိသည့်အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊အထူးဆု(၆)ရရှိသည့်အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၅)ရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၄) ရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၃) ရရှိသည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၂)ရရှိသည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၁)ရရှိသည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ တတိယဆု ရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ ဒုတိယဆုရရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်းတို့အား လည်းကောင်း၊ (က) အဆင့်အသင်းလိုက်အထူးဆု(၂) ရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး (လေ)ကိုယ်စားပြုစစ်တီးဝိုင်း၊ အထူးဆု (၁)ရရှိသည့် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းနှင့် အကောင်းဆုံးဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်းများအားလည်းကောင်းဆုများချီးမြှင့်သည်။

အလှသရုပ်ပြတီးမှုတ်ဖျော်ဖြေ

ယင်းနောက် စစ်တီးဝိုင်းများက အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ တီးမှုတ် ဖျော်ဖြေကြရာ လှိုင်သာယာမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းသားကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့၊ (ဂ)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲ ပထမဆုရ အမှတ် (၅၅) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ (ခ)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ (က) အဆင့် စစ်တီးဝိုင်းပြိုင်ပွဲ အကောင်းဆုံးဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းနှင့် တပ်မတော် ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ စစ်တီးဝိုင်းတို့က အလှသရုပ်ပြတီးမှုတ် ဖျော်ဖြေကြသည်။

ဂုဏ်ပြုဆုငွေပေးအပ်

ထို့နောက် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက် စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အလှသရုပ်ပြ ဖျော်ဖြေကြသည့် လှိုင်သာယာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့်မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း တို့မှ ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်က စစ်တီးဝိုင်း ကျွမ်းကျင်မှုပညာရှင်များအား ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၆ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုးတို့ ဩစတြေးလျနိုင်ငံအမျိုးသားနေ့ အထိမ်းအမှတ် ညှိခံပွဲသို့ တက်ရောက်လာရာ ဩစတြေးလျသံရုံး ယာယီတာဝန်ခံ Mr.Douglas Robert Trappett နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သန်လျင်မြို့နယ် ကွမ်းခြံကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၃ ရက်က ကျင်းပရာ တတိယတန်းကျောင်းသား မောင်ဖြိုးသူအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမော်က ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (က-ပ)

စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်-၂၀၀၅ ကို လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပရာ ဇန်နဝါရီ ၂၆ ရက်က Cystem Computer Sales & Service Centre ပြခန်းတွင် ပြပွဲလာပရိသတ်များ ကြည့်ရှုနေစဉ်။ (က-ပ)

မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

(၁၃)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို လာမည့် ဖေဖော်ဝါရီ၉ ရက်မှ၁၁ရက်အထိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) မင်္ဂလာဒုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ဆေးဘက်ဆိုင်ရာပညာရှင်များ၊ အလုပ်သင်ဆရာဝန်များ၊ ဆေးတက္ကသိုလ်ဗိုလ်လောင်း၊ သူနာပြုဗိုလ်လောင်းနှင့် စိတ်ပါဝင်စားသူများတက်ရောက်နိုင်ပြီး တက်ရောက်လိုသူများသည် (စာပေညွှန်ကြားရေးမှူး) တပ်မတော်ဆေးတက္ကသိုလ် ဖုန်း-၀၃၁ ၃၅၀၆၃ သို့ လည်းကောင်း၊ မှတ်ပုံတင်အရာရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ ဖုန်း-၀၃၁ ၃၅၀၇၉ သို့လည်းကောင်း၊ မှတ်ပုံတင်အရာရှိ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ဖုန်း-၀၃၁ ၃၁၂၅၃ သို့လည်းကောင်း ဆက်သွယ်၍ လာမည့် ဖေဖော်ဝါရီ ၁ ရက်မှစပြီး ကျင်းပမည့်ရက်မတိုင်မီ ကြိုတင် စာရင်းသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးတိုင်းရင်းသားအားလုံးတက်ညီလက်ညီကာကွယ်ထိန်းသိမ်း နိုင်ငံတော်ရွှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအင်တိုက်အားတိုက်ပါဝင်

* *ကျော်ဖုံးမှ*

အခမ်းအနားသို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တိုင်းအလုပ်အမှုဆောင်များ၊ စစ်ကိုင်းတိုင်းအတွင်းရှိ ခရိုင်များမှ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝက်လက် မြို့နယ်အတွင်းရှိ လှတော၊ အနောက်ရွှေကျင်၊ ကျီးကန်၊ ရေထွက်၊ မောက်ကြီး၊ မဲကုန်း၊ သမံသာ၊ ပင်းဇင်း၊ ရွာသာကြီး၊ ရွှေပန်းကုံးနှင့် သားနား ကျေးရွာများမှ ပြည်သူများ စုစုပေါင်းအင်အား ၄၁၀၀ကျော် တက်ရောက်ကြ သည်။

အခမ်းအနားမစတင်မီ နံနက်ဖနာရီခွဲတွင် စုရပ်အသီးသီးမှ စစ်ကြောင်း နှစ်ကြောင်းဖြင့်စုရုံးချီတက်ကြပြီး အခမ်းအနားကျင်းပမည့် လှတောစံပြကျေးရွာ ဘောလုံးကွင်းအတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြသည်။

သဘာပတိ

အခမ်းအနားတွင် သဘာပတိအဖြစ် ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးထွန်းကိုကိုက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ဝက်လက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်း၊ ဝက်လက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်း၊ ဝက်လက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူးဒေါ်မြင့်ဆွေနှင့် လှတောကျေးရွာမှ ဦးကျော်မြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဝက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဒေါ်သင်းသင်းနွယ်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဝက်လက်မြို့နယ် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးအဖွဲ့ဝင် ဒေါ်တင်တင်အေး တို့က ဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာပြီး တက်ရောက်လာကြသူများက စင်မြင့်ထက်၌ လွှင့်တင်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာ ပြီး မျိုးဆက်သစ်ကျောင်းသား ကျောင်းသူလေးများက **'ရာသက်ပန် ပြည်ထောင်စု'** သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

လက်တွဲဆောင်ရွက်ခဲ့

ထို့နောက် သဘာပတိ ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးထွန်းကိုကိုက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများသည် ရှေးနှစ်ပေါင်းများစွာကပင် တစ်မြေတည်းနေ တစ်ရေတည်း သောက်ကြလျက် တိုင်းပြည်၏ ပြည်တွင်းပြည်ပရန်များကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တွန်းလှန် ကာကွယ် နေထိုင်ခဲ့ကြသည့် အေးအတူပူအမျှ ဉမကွဲသိုက်မပျက် သုခဒုက္ခ များကို မျှဝေခံစားရင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လက်တွဲဆောင်ရွက်ခဲ့ ကြကြောင်း။

စောင့်ထိန်းကာကွယ်

အသင်းနာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရေးမှာ အဓိကအကျဆုံး လိုအပ်ချက်ဟာ အမျိုးသား စည်းလုံးညီညွတ်ရေးဖြစ်တယ်၊ နိုင်ငံတော်အစိုးရက မမှိတ်မသုန် ယုံကြည် တယ်"**ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)တွင် မိန့်ကြားခဲ့ကြောင်း၊ ထို့ကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် အခြေခံကောင်းများဖြစ်သည့် နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ အထူးစီမံကိန်းများ အကောင်အထည် ဖော်၍ ဒေသအလိုက်၊ ကဏ္ဍအလိုက်လိုအပ်ချက်များကို ဖြည့်ဆည်း နိုင်ခဲ့ ကြောင်း၊ တစ်နိုင်ငံလုံး ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်ကာ ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတော်တစ်ဝန်းလုံး အကြားအလပ်မရှိ ဘက်စုံဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း၊ ယင်းရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်း သွားနိုင်ရန် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို အမျိုးသားရေး စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်ရှိကြသော တိုင်းရင်းသားပြည်သူများအားလုံး စောင့်ထိန်းကာကွယ်ကြရမှာဖြစ်ကြောင်း။

တိုင်းရင်းသား ပြည်သူများအားလုံး၏ အမျိုးသားရေး ရည်မှန်းချက် ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေးပင်ဖြစ်ကြောင်း။

အရေးကြီးဆုံးအဆင့်

နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီ နိုင်ငံတော် တည်ထောင်ရေးအတွက် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ရက်နေ့တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် ၁၉၉၆ ခုနှစ်မှစတင်ပြီး ယာယီအားဖြင့် ဆိုင်းငံ့ထား လျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပရန် ဖြစ်သည့်အတွက် အမျိုးသားညီလာခံကြီး၏ အပိုင်းတစ်ပိုင်းကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ အမျိုးသား ညီလာခံ

သဘာပတိ အဖွဲ့ဝင်များ

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရွှေဘိုခရိုင် ဝက်လက်မြို့နယ် လှတောစံပြကျေးရွာ၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။

(သတင်းစဉ်)

အောင်မြင်စွာကျင်းပနိုင်ရေးသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နိုင်ရေးအတွက် ပထမအဆင့် လည်းဖြစ်၊ အရေးကြီးဆုံးအဆင့်လည်းဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက ကြိုဆိုထောက်ခံကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံတော်၏ အနာဂတ် မျှော်လင့်ချက် ဖြစ်သကဲ့သို့ ပြည်သူတို့လိုလားတောင့်တနေသည့် မူဝါဒလမ်းစဉ်လည်း ဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ကြိုဆို ထောက်ခံပွဲ လူထုအစည်းအဝေးများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းကြီးက ကြီးမှူး၍ ၂၀၀၃ခုနှစ် စက်တင်ဘာလ ၂၀ရက်နေ့မှ အောက်တို ဘာလ၁၉ ရက်နေ့အထိ တိုင်းနှင့်ပြည်နယ်များရှိ နေရာ ၁၇ နေရာတို့၌ အသီးသီး ကျင်းပခဲ့ကြောင်း၊ အလားတူ ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၁ ရက် နံနက်ပိုင်း တွင် မန္တလေးတိုင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီ ခြေတော်ရင်းရှိ အားကစားကွင်း၌ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြည်သူလူထု

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို စစ်ကိုင်းတိုင်းရွှေဘိုခရိုင် ဝက်လက်မြို့နယ် လှတောစံပြ ကျေးရွာ၌ ကျင်းပရာ အခမ်းအနားမှူး အဖြစ် ဝက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဒေါ်သင်းသင်းနွယ်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် စည်းရုံးရေးအဖွဲ့ဝင် ဒေါ်တင်တင်အေးတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ကိုယ်စားလှယ်များ တက်ရောက်သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေး လူထုအစည်းအဝေးပွဲကြီး ကျင်းပနိုင်ခဲ့ ကြောင်း၊ ဤအစည်းအဝေးကြီးများက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကျရာ အခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မှုအပေါ် ဂုဏ်ပြုရေးနှင့် ပြည်ထောင်စု တိုင်းရင်းသားအပေါင်းက ဆက်လက်ထိန်းသိမ်း ကာကွယ်ရေးဟူသော အဆိုနှစ်ရပ်ကို တညီတညွတ်တည်း သဘောတူထောက် ခံခဲ့ကြကြောင်း။

ပိုမိုပူးပေါင်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရင်း ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက စည်းလုံး ညီညွတ်မှုဖြင့် တက်ညီလက်ညီကာကွယ်ထိန်းသိမ်းရန်၊ နိုင်ငံတော်ရှေ့ဆက်သွား မည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ကျရာအခန်းကဏ္ဍက ပြည်ထောင်စု စိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပူးပေါင်းပါဝင် သွားကြရန်၊ အမျိုးသားညီလာခံအောင်မြင်ရေး ကြိုဆိုထောက်ခံသွားကြရန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုကြောင်း ထောက်ခံချက် နှင့် စပ်လျဉ်း၍ ဝက်လက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဝင်ဒေါ်ခင်မြဝင်းက တင်ပြရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် သွေးချင်းသားချင်းညီနောင်များ ဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအစရှိသော တိုင်းရင်းသားလူမျိုးတစ်ရာကျော်တို့ဖြင့် ဤအမိနိုင်ငံတော်ကြီး ရှေးနှစ်ပေါင်းများစွာကပင် တစ်မြေတည်းနေ တစ်ရေ တည်းသောက်ကြလျက် အေးအတူပူအမျှ ဉမကွဲသိုက်မပျက် သုခ၊ ဒုက္ခဟူသမျှ တို့ကို မျှဝေခံစားရင်း တစည်းတလုံးတည်း စုစည်းနေထိုင်ခဲ့ကြသည်မှာ သမိုင်းခေတ်ဦးမှသည် ယနေ့ထက်တိုင်အောင်ပင်ဖြစ်ကြောင်း။

သမိုင်းပေးတာဝန်

မိမိတို့တိုင်းရင်းသားညီအစ်ကို မောင်နှမများအတွင်း မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုဖွံ့ဖြိုးစည်ပင်တိုးတက်နေစေရေးအတွက် မလျှော့သောဇွဲလုံ့လတို့ဖြင့် အစဉ်ကြိုးစည်အားထုတ် ကြိုးပမ်းနေကြသည်မှာ တိုင်းရင်းသားအားလုံးအတွက် သမိုင်းပေးတာဝန်ကြီးပင် ဖြစ်ကြောင်း။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို မတရားကျူးကျော်သိမ်းပိုက် ခဲ့ပြီးနောက် မိမိတို့တိုင်းရင်းသားများအတွင်း နှစ်ပေါင်းကြာရှည်စွာ ဖြစ်ထွန်း တည်ရှိခဲ့သည့် စည်းလုံးညီညွတ်မှုကို ပျက်ပြားအောင် မြန်မာတို့၏ ဇာတိသွေး ဇာတိမာန် တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်တို့ကို ရိုက်ချိုးဖျက်ဆီးကာ မြန်မာ တိုင်းရင်းသားအချင်းချင်း ထင်မြင်လွဲမှားပြီး တစ်ဦးကိုတစ်ဦး သံသယစိတ်များ ဖြစ်ပေါ်စေရန် လူမျိုးရေးအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း၊ အုပ်ချုပ်ရေးအရလည်းကောင်း နည်းမျိုးစုံဖြင့် အုပ်ချုပ်ခဲ့ကြကြောင်း။

သို့ရာတွင် မြန်မာတိုင်းရင်းသားများ၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ကို ပြန်လည်တည်ဆောက် ပြီး မြန်မာနိုင်ငံလွတ်လပ်ရေး ပြန်လည်ရရှိစေရန် ဘက်စုံထောင့်စုံ နည်းလမ်းစုံဖြင့် ကြိုးပမ်းခဲ့ရာ လွတ်လပ်ရေးရရှိခဲ့ကြကြောင်း။

တိုင်းတစ်ပါး၏ နှစ်ပေါင်းတစ်ရာကျော် အစီအစဉ်ရှိရှိ သွေးခွဲသပ်လျှို အုပ်ချုပ်ခဲ့မှု၏ ဒဏ်ရာဒဏ်ချက်များကြောင့် လွတ်လပ်ရေးရရှိပြီးနောက် တိုင်းရင်းသားညီအစ်ကိုသွေးချင်းများအတွင်း သံသယစိတ်ဝင်ကာ စိတ်ဝမ်း ကွဲပြားခဲ့ကြသဖြင့် နှစ်ပေါင်း ၄၀ကျော်ကြာ တိုင်းရင်းသားအချင်းချင်း လက်နက် ကိုင်ပဋိပက္ခများဖြစ်ခဲ့ရပြီး အစိုးရအဆက်ဆက်တို့အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးကို အလေးပေးဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိသည့်အတွက် နိုင်ငံတော်သည် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရကြောင်း။

အမျိုးသားရေးမူဝါဒ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် သမိုင်း၏ သင်ခန်းစာများကိုရယူ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကိုချမှတ်ကာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို အဓိက ဦးတည်လျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာအောင် ပြည်ထောင်စု တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန် သည်းခံခွင့်လွှတ်မှုတို့ကို အခြေခံ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်ကို ပြည်သူများအသိပင်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတစ်နံတစ်လျား၌ ငြိမ်းချမ်းရေး၏ အရသာကိုပြည်သူများ ပြည့်ပြည့်ဝဝခံစားနေကြရပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းရင်းသားအားလုံး၏ စုပေါင်းအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများအထိ ဖွံ့ဖြိုးမှု အသီးအပွင့်များ ခံစားနေရပြီဖြစ်ကြောင်း။

ထို့အပြင် ယခင်က တောနှင့်မြို့တို့၏ စီးပွားရေးဘဝနှင့်လူမှုရေးဘဝတို့ ကွာဟချက်လျော့နည်းပပျောက်ပြီး ကျေးလက်ဒေသများတွင် လူမှုစီးပွားရေး ဘဝများဖွံ့ဖြိုးစည်ပင်လာစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့မျှမက တစ်နိုင်ငံလုံးအကြား အလပ်မရှိ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍပေါင်းစုံ တိုးတက်လာစေ ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုသတ်မှတ်၍ ပြည်နယ်နှင့်တိုင်းများအားလုံး တွင် မျှမျှတတ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မူဝါဒလမ်းစဉ် (၇)ရပ်

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ စည်း ကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ကောင်းများရရှိလာချိန်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် နိုင်ငံတော် အစိုးရက နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကို အတိအလင်း ထုတ်ဖော်ကြေညာပြီး အကောင်အထည်ဖော်လျက်ရှိကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

နှစ်ပေါင်းထောင်ချီရှည်ကြာခဲ့သော မြန်မာ့သမိုင်းကြောင်းတစ်လျှောက် စစ်မှန်သောငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များရေရှည်မခံစားခဲ့ရ

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆို ထောက်ခံ ခြင်း အခမ်းအနားကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်ဝက်လက်မြို့နယ် လှတော စံပြကျေးရွာ၌ ကျင်းပရာ သဘာပတိ ရွှေဘိုခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းကိုကို အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

စာမျက်နှာ(၇)မှ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ်တွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေးအတွက် စည်းရုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံ အောင်မြင်ရေးအတွက် ပြည်သူတို့နှင့်အတူ ကျရာအခန်းကဏ္ဍမှ ပူးပေါင်း ပါဝင်ဆောင်ရွက်ရေးဆိုသည့်အချက်များကို အသင်းဝင်များက အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် တက်တက်ကြွကြွပါဝင်သွားရမည်ဖြစ်ကြောင်း။

အမျိုးသားရေးဦးတည်ချက်

ယခုကဲ့သို့ အချိန်အခါကောင်းတွင် ရရှိဖြစ်ထွန်းနေသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်ကို ပိုမိုရှင်သန်ခိုင်မာသည်ထက် ခိုင်မာစေအောင် ပြည်ထောင်စုနေ့ အခမ်းအနားကြီးကို နိုင်ငံရေးအနှစ်သာရ အပြည့်အဝဖြင့် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မွန်မြတ်မြင့်မားသော အမျိုးသားရေး ဦးတည်ချက်ဖြစ်သည့်–

- ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံးက တက်ညီလက်ညီကာကွယ်ထိန်းသိမ်းရေး၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ် တားဆီးရေး၊
- နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသား အားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဆိုသည့် ဦးတည်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်၍ ယခုတက်ရောက်လာသော ပြည်သူလူထု တစ်ရပ်လုံးက မိမိတို့နှင့်အတူ ဝမ်းပန်းတသာ ကြိုဆိုဂုဏ်ပြု အပ်ပါကြောင်း

ဖြင့် တင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ဝက်လက်မြို့မှ မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးသန်းထွန်းက တင်ပြရာတွင် မိမိတို့မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၀၀ကျော်တို့သည် အေးအတူပူအမျှ တစည်းတလုံးတည်း နေထိုင်ခဲ့ကြကြောင်း၊ မြန်မာ့သမိုင်းတွင် ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ကျရောက်ခဲ့ကာ လွတ်လပ်ရေးရပြီးနောက် ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများဖြင့် တစ်ဦးနှင့်တစ်ဦး အထင်လွဲမှားကာ တိုင်းပြည်မတည်မငြိမ်ဖြစ်ခဲ့ရကြောင်း၊ ဤအချိန်များတွင် နိုင်ငံတော်ဖွံ့ဖြိုးမှု နောက်ကျခဲ့ရကြောင်း။

အဓိကထားဆောင်ရွက်

ယနေ့တပ်မတော်အစိုးရလက်ထက်တွင် **‘ဒို့တာဝန်အရေးသုံးပါး’**ကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အဓိကထားဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ပြီး နယ်စပ်ဒေသများပါမကျန် ပြောင်းလဲတိုးတက်စေခဲ့သည့် တပ်မတော်အစိုးရသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ပီပြင်စွာချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမဆုံးလမ်းစဉ်ဖြစ်သည့်၁၉၉၆ခုနှစ်က ယာယီအားဖြင့် ရပ်ဆိုင်းထားခဲ့သော အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ၁၇ရက်နေ့တွင်ပြန်လည်ကျင်းပခဲ့ကြောင်း၊ယင်းအမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏မူဝါဒလမ်းစဉ်(၇)ရပ်တွင် ပထမဆုံးအခြေခံအဆင့်၊ ပထမဆုံး ခြေလှမ်းဖြစ်သကဲ့သို့ ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးကို အဆုံးအဖြတ်ပေးမည့် ညီလာခံကြီးဖြစ်ကြောင်း၊ ဤညီလာခံကြီးသည် မြန်မာ့သမိုင်းတွင် အမျိုးသား အင်အားစုအသီးသီး အစုံအညီဆုံး အမျိုးသားညီလာခံကြီးလည်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးတွင် ညီလာခံကိုယ်စားလှယ်များအဖြစ် အစုအဖွဲ့ရှစ်ဖွဲ့၌ ကိုယ်စားလှယ်ဦးရေ ၁၀၈၈ဦးတို့ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသည်ကို အထင်အရှားတွေ့မြင်နိုင်ကြောင်း၊ ထို့ကြောင့် အမျိုးသားရေးကံကြမ္မာကို အမျိုးသားရေးအင်အားစုများ စည်းလုံးညီညွတ်စွာ ဆုံးဖြတ်ဆောင်ရွက်ကြသည့် အမျိုးသားညီလာခံကြီးအဖြစ် သတ်မှတ်နိုင်ကြောင်း။

ကမ္ဘာပေါ်တွင် အချုပ်အခြာအာဏာပိုင်သော နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် ဗြိတိန်နှင့်နယူးဇီလန်နှစ်နိုင်ငံသာလျှင် ရေးသားထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိဘဲ ကျန်နိုင်ငံပေါင်း ၁၉၁နိုင်ငံမှာမူ မိမိတို့၏ အခြေအနေနှင့် ဆီလျော်သော ဖွဲ့စည်းပုံအခြေခံဥပဒေအသီးသီးရှိကြကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင်လည်း အသီးသီးသော ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ခေတ်အဆက်ဆက်ပေါ်ပေါက်ခဲ့ပြီး မြန်မာနိုင်ငံ၏ဖြစ်ပေါ်မှုအရ ပျက်ပြားသွားခဲ့သည်ကို သမိုင်းတွင် အထင်အရှားတွေ့နိုင်ကြောင်း။

ဒီမိုကရေစီနိုင်ငံတော်သစ်

ယခုအခါ မြန်မာနိုင်ငံ၌ ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေး ရည်မှန်းချက်နှင့်အညီ ၁၉၉၆ ခုနှစ်က ယာယီအားဖြင့် ခေတ္တဆိုင်းငံ့ထားသော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပနေပြီဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ထွန်းကားလာစေရေးအတွက် အခြေခံဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရန် အခြေခံရမည့်မူများကို အမျိုးသားညီလာခံကြီးက ချမှတ်ပေးကြရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံအောင်မြင်မှ ဒီမိုကရေစီ နိုင်ငံတော်သစ် ဖြစ်ထွန်းမည်ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒီပဲယင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဗိုလ်မြင့်က ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်း ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူ၁၀၄ချက်နှင့် အသေးစိတ်အခြေခံရမည့်မူများကို အဆိုပါညီလာခံသို့ တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်တော်ကြီးများက သဘောတူချမှတ်ခဲ့ကြပြီး ဖြစ်ကြောင်း။

‘ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိပါက နိုင်ငံတော်ဟူ၍ ပီပြင်စွာ မရှိနိုင်၊ နိုင်ငံတော်ဟူ၍ ပီပြင်စွာမရှိပါက စနစ်တကျတိုးတက်သော လူ့အဖွဲ့အစည်းဟူ၍ မရှိနိုင်’ဟူသော နိုင်ငံရေးသိပ္ပံပညာရှင်များ၏ အဆိုအမိန့်အရ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်သစ် ပေါ်ပေါက်ရေးတွင် အဓိက ကျနေကြောင်း တွေ့ရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးတွင်အမျိုးသား ညီလာခံကြီးသည် အဓိကကျနေကြောင်း၊ အမျိုးသားညီလာခံကြီးသည်–

(၁) ပြည်ထောင်စုမပြိုကွဲရေး၊
(၂) တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
(၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
(၄) စစ်မှန်သော ပါလီမန်ဒီမိုကရေစီစနစ်ထွန်းကားရေး၊
(၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်း ဟူသော လောကပါလတရားများပိုမိုထွန်းကားရေး၊
(၆) အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး ဟူသော ဦးတည်ချက်ခြောက်ရပ်နှင့် ကျင်းပလျက်ရှိကြောင်း။

ဤဦးတည်ချက်ခြောက်ရပ်စလုံးသည် မြန်မာသမိုင်း ကြောင်း မြန်မာ့ရေမြေသဘာဝ၊ မြန်မာလူမျိုးတို့၏ ဆန္ဒသဘော ထားစရိုက်လက္ခဏာတို့အရ မုချလိုအပ်သော မူများဖြစ်ကြောင်း။

ညှိနှိုင်းတိုင်ပင်ရေးဆွဲ

ထို့အတူ အခြေခံဥပဒေတွင်ပါဝင်ရမည့် အခန်းအလိုက် ခေါင်းစဉ် ၁၅ခုကိုလည်း အမျိုးသားညီလာခံကြီးက သတ်မှတ်နိုင်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးတွင် နိုင်ငံသားအားလုံး၏ကိုယ်စားအမျိုးသားညီလာခံ ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးရေးဆွဲလျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊အလွှာပေါင်းစုံ ပါဝင်သော ကိုယ်စားလှယ်များက နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုကာ ညှိနှိုင်းတိုင်ပင်ရေးဆွဲနေသော အမျိုးသားညီလာခံကြီးလည်းဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းရေးအတွက် ရည်သန်၍ ကျင်းပနေသည့် အမျိုးသားညီလာခံကြီးအား ပြည်သူတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲကြိုဆိုထောက်ခံအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

အင်တိုက်အားတိုက်ဆောင်ရွက်

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဒီပဲယင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဗိုလ်မြင့်က တင်ပြရာတွင် မိမိအနေဖြင့် ရွှေဘိုခရိုင်အတွင်း ဆောင်ရွက်ခဲ့သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ခြုံငုံတင်ပြသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ကျေးလက်နှင့် မြို့ပြ ကွာဟချက်နည်းပါးစေရေးအတွက် ကျေးလက်နေ ပြည်သူများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမူငါးချက်ကို ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်သည့် နေရာတွင် မိမိတို့ရွှေဘိုခရိုင်အတွင်းရှိ အသင်းအဆင့်ဆင့်မှလည်း ဒေသခံ ပြည်သူများနှင့် ပူးပေါင်းပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောက်ဖော်ပြပါအတိုင်း အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

(၁) ကျေးလက်မီးလင်းရေး၊
(၂) အခြေခံပညာကျောင်းများဆောက်လုပ်ရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရန်ပြုပြင်ရေး၊
(၃) ကျေးလက်တယ်လီဖုန်းများ တပ်ဆင်ရေး၊
(၄) ကျေးရွာချင်းဆက်လမ်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ရေး၊
(၅) ကျေးလက်သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ကျေးလက်မီးလင်းရေးအနေဖြင့် ကျေးလက်ဒေသများ လျှပ်စစ်မီး ရရှိရေးအတွက် တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးနှင့်ဇီဝဓာတ်ငွေ့မှ လျှပ်စစ်ထုတ်လုပ်ရေးတို့ကို ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး၏ လမ်းညွှန်ပံ့ပိုးမှု

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအား ထောက်ခံခြင်းတို့နှင့် စပ်လျဉ်း၍ ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြတ်မျိုးညွန့်က ထောက်ခံ ဆွေးနွေးစဉ်။
(သတင်းစဉ်)

များနှင့် ဝက်လက်မြို့နယ်တွင် ဖွင့်လိုင်းကျေးရွာ ရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်၅၀ကိုလည်းကောင်း၊ မြင်တော်ကျေးရွာဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်းမှ လျှပ်စစ်ဓာတ်အား ၂၅ကီလိုဝပ်ကိုလည်းကောင်း၊ တန့်ဆည်မြို့နယ် ကွျဲဆွဲရေအားလျှပ်စစ်မှ ၁၅ကီလိုဝပ်ကိုလည်းကောင်း၊ တန့်ဆည်မြို့နယ် တနယ်ကျေးရွာ ရေအားလျှပ်စစ်မှ ၁၅ကီလိုဝပ်ကိုလည်းကောင်း၊ ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာ ရေအားလျှပ်စစ်မှ ကီလိုဝပ် ၅၀ကိုလည်းကောင်း၊ ရေဦးမြို့နယ် ချမ်းသာကျေးရွာ ရေအားလျှပ်စစ်မှ ၂၅ကီလိုဝပ်ကိုလည်းကောင်း ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး ကန့်ဘလူမြို့နယ်တွင် ထန်းကုန်းကျေးရွာ၌ လည်းကောင်း၊ ရွှေဘိုမြို့နယ်တွင် ကော့ရွာ၌ ဇီဝဓာတ်ငွေ့ဖြင့်လည်းကောင်း၊ ကုန်းသာကျေးရွာနှင့် ရေတော်မှုကျေးရွာများ၌ လည်းကောင်း၊ ခင်ဦးမြို့နယ်တွင် တဲစုကျေးရွာ၌လည်းကောင်း၊ ဒီပဲယင်းမြို့နယ်တွင် ညောင်လှကျေးရွာ၌လည်းကောင်း တည်ဆောက်ရန် လျာထားပြီး ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ ကျောင်း ဥပဓိရုပ်ကောင်းမွန်ခြင်း ပြုပြင်ရေးလုပ်ငန်းများတွင် ကန့်ဘလူမြို့နယ် လွှဲဆိပ်ကျေးရွာ၌ တိုင်းတာဝန်ခံဝန်ကြီး၏ထောက်ပံ့မှု၊ ဒေသခံပြည်သူများပါဝင်မှုကြောင့် ၁၂ခန်း၊ သုံးခန်း သွပ်မိုး အုပ်ကာ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်နိုင်ခဲ့ကြောင်း။

ရွှေဘိုမြို့နယ်အသင်းအနေဖြင့် ထနောင်းကိုင်းကျေးရွာ၌ သုံးခန်း၊ လေးခန်း သွပ်မိုးကျောင်းဆောင်သစ်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်း ပေးနိုင်ခဲ့ကြောင်း။

ဝက်လက်မြို့နယ်အသင်းအနေဖြင့် တိုင်းတာဝန်ခံဝန်ကြီး၏ ပံ့ပိုးမှုဖြင့် သားနားကျေးရွာ၌ သွပ်မိုးအုတ်ကာ ကျောင်းဆောင်သစ်တစ်ဆောင်ကိုလည်း ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

ရေဦးမြို့နယ်အသင်းအနေဖြင့်အုန်းနပေါင်းကျေးရွာ၌ ဝန်ကြီး၏ပံ့ပိုးမှုနှင့် ကျေးရွာပြည်သူလူထု ပူးပေါင်းပါဝင်ကာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းနိုင်ခဲ့ကြောင်း။

ဒီပဲယင်းမြို့နယ် အသင်းအနေဖြင့် အိုးထိန်းတွင်းကျေးရွာ၌ တိုင်းတာဝန်ခံဝန်ကြီး၏ပံ့ပိုးမှုနှင့် ဒေသပြည်သူများပူးပေါင်းပါဝင်ပြီး အခြေခံပညာမူလတန်းကျောင်းဆောင်သစ်တစ်ဆောင်ကို ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

တန့်ဆည်မြို့နယ်အသင်းအနေဖြင့်လည်း အုတ်ဖိုအိုင်ကျေးရွာအခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် သွပ်ချပ် ၂၄၀ လှူဒါန်းပေးနိုင်ခဲ့ကြောင်း။

ကျေးလက်တယ်လီဖုန်းတပ်ဆင်

ရွှေဘိုခရိုင် အသင်းအနေဖြင့်လည်း မြို့နယ်အတွင်းရှိ ဆင်းရဲနွမ်းပါးသော ကျောင်းများကို ဘိလပ်မြေများ လှူဒါန်းခြင်း၊ သွပ်များလှူဒါန်းခြင်း သစ်မာခွဲသား သယ်ယူရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကျေးလက်နေပြည်သူများ ဆက်သွယ်ရေး လွယ်ကူစေရန်အတွက် ရွှေဘိုခရိုင်အသင်းမှ အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ ဆက်သွယ်တင်ပြပြီး ကျေးလက်တယ်လီဖုန်းများကို တပ်ဆင်ပေးနိုင်ခဲ့ကြောင်း။

ရွှေဘိုမြို့နယ်တွင် ချီပါ၊ပလိုင်း၊ ဆိပ်ခွန်၊ ခွန်တောင်းကြီး၊ အောင်ချမ်းသာကျေးရွာများ၌လည်းကောင်း၊ ရေဦးမြို့နယ်တွင် တင်းတိမ်ရံကျေးရွာ၌လည်းကောင်း၊ ကန့်ဘလူမြို့နယ်တွင် ချပ်သင်း၊ ပင့်သာ၊ ကိုးထောင်ဘို့၊ ထန်းကုန်း၊ ဇီးကုန်း၊ ကာဘိုး၊ စံပါယ်နံ့သာ၊ မြေဒူး၊ ပိတောက်ပင်ကျေးရွာများ၌လည်းကောင်း၊ တန့်ဆည်မြို့နယ်တွင် ကံထူးမကျေးရွာ၌လည်းကောင်း အော်တိုအိတ်ချိန်းဖုန်းများ တပ်ဆင်ပေးနိုင်ခဲ့ပြီး ဒီပဲယင်းမြို့နယ်နှင့်ခင်ဦးမြို့နယ် အသင်းရုံးတို့တွင် အော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးနိုင်ခဲ့ကြောင်း၊ ကျေးလက်နေပြည်သူလူထုများ သွားလာလွယ်ကူစေရန်အတွက် ကျေးရွာချင်းဆက်လမ်းများဖြင့် ကုန်ထုတ်လမ်းများဖောက်လုပ်ခြင်းလုပ်ငန်းများကို ရွှေဘိုခရိုင်အသင်းမှ မြို့နယ်အသင်းအဆင့်ဆင့်သို့ ဆောင်ရွက်ရန် စည်းရုံးဟောပြောခဲ့၊ လမ်းညွှန်မှုပေးခဲ့ကြောင်း၊ ဤကဲ့သို့ဆောင်ရွက်ရာတွင် ဝက်လက်မြို့နယ် အသင်းအနေဖြင့် ဖက်သန်းကြီးကျေးရွာ မြို့တက်လမ်းဖောက်လုပ်ခြင်း၊ ဘင်တဲကုန်ကျေးရွာ မြို့တက်လမ်းဖောက်လုပ်ခြင်း၊ သခွတ္တောကျေးရွာ မြို့တက်လမ်းဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရေဦးမြို့နယ်တွင် ထန်းတောကျေးရွာ မြို့တက်လမ်းဖောက်လုပ်ခြင်း၊ ရွာပေါင်းကျေးရွာနှင့် ရွာသစ်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ ဒီပဲယင်းမြို့နယ်အသင်းအနေဖြင့် တောကြောင်းကျေးရွာ ရွာဝင်တံတားပြုလုပ်ရန် ဘိလပ်မြေများ လှူဒါန်းခြင်း၊ တန့်ဆည်မြို့နယ် ငတန်းကျေးရွာနှင့် တန့်ဆည်မြို့တို့ ဆက်သွယ်သောလမ်းမှာ မိုးတွင်းကာလ ရေကျော်ပျက်စီးသဖြင့် မြေဖို့ဆောင်ရွက်ခြင်း၊

ရှောက်ရေးအသင်းမှ ဒေါ်ခင်မြဝင်းက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ ဝက်လက်မြို့ မြို့မိမြို့ဖ ဦးသန်းထွန်းက အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း၊ ဒီပဲယင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဗိုလ်မြင့်က ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအား ထောက်ခံတင်ပြခြင်းများ ပြုခဲ့ကြကြောင်း။

ပြည်ထောင်စုမပြိုကွဲရေး

ဤတင်ပြချက်များက မိမိတို့နိုင်ငံနှင့်ပြည်သူလူထုကြီးအတွက် အမှန်တကယ် ဂုဏ်ပြုကြိုဆိုထောက်ခံသင့်သည့် တင်ပြချက်များဖြစ်သည့်အတွက် လှိုက်လှိုက်လှဲလှဲကြိုဆိုထောက်ခံအပ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်းရှိ တိုင်းရင်းသားလူမျိုး ၁၀၀ကျော်၏ ထာဝရငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် မဖြစ်မနေ လိုအပ်ချက်မှာ 'ပြည်ထောင်စုစိတ်ဓာတ်'ပင်ဖြစ်ကြောင်း၊ ဤ 'ပြည်ထောင်စုစိတ်ဓာတ်'အရင်းတည်လာသော ပင်လုံမြေ၌ ပြုလုပ်ခဲ့သည့် ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့မှုကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၂ရက်ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်ခဲ့ပြီး နှစ်စဉ်ဂုဏ်ပြုပွဲများ ပြုလုပ်လာခဲ့သည်မှာ ယခုနှစ်တွင် (၅၈)နှစ်ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့ကို နှစ်စဉ်နှစ်တိုင်း ကျင်းပခြင်းအားဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို တိုင်းရင်းသား ပြည်သူများ အစဉ်အမြဲအောက်မေ့နှလုံးသွင်းနိုင်ကြမှာဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့မှ အခြေတည်မွေးဖွားလာခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှသည် ပြည်ထောင်စုမပြိုကွဲရေးကိုလည်း ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် နှစ်ပေါင်းထောင်ချီသော သမိုင်းကြောင်းတစ်လျှောက် စစ်မှန်သော ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များကို ရေရှည်မခံစားခဲ့ကြရကြောင်း၊ မိမိတို့နိုင်ငံ၏ သယံဇာတပေါကြွယ်ဝမှု၊ တိုင်းရင်းသားပြည်သူများ ညီအစ်ကိုရင်းသဖွယ် အတူတကွပေါင်းသင်းနေထိုင်လာမှုနှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်မြဲဖွံ့ဖြိုးတိုးတက်ရန်တို့ကို ထာဝရထိန်းသိမ်းနိုင်ရန်အတွက် တစ်ခုတည်းသော အမျိုးသားနိုင်ငံရေး လမ်းစဉ်ကြီး

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

တစ်မျိုးသားလုံး၏ငြိမ်းချမ်းသာယာခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းများဖော်ဆောင်ပေးနိုင်ရေး မကြာမီပြန်လည်ကျင်းပတော့မည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုဂုဏ်ပြုထောက်ခံ

ကန့်ဘလူမြို့နယ်အသင်းအနေဖြင့် ကိုးထောင်ဘို့အုပ်စုမှ ဒေါင်းယူးချောင်းတံတားအထိ မြေဖို့ခြင်း၊ ဘုးကြီး-ကာဘိုးလမ်းမြေဖို့ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ရွှေဘိုခရိုင်အသင်းအနေဖြင့် ရွှေဘိုခရိုင်အတွင်း ရှစ်မြို့နယ်မှ ကျေးရွာပေါင်း ၃၂ရွာသို့ လျှပ်စစ်ဓာတ်အားရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုကြောင်း ထောက်ခံချက်နှင့် စပ်လျဉ်း၍ ဝက်လက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်မြဝင်းက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ဆက်လက်ပြီး မိမိတို့ရွှေဘိုခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ရှေ့ဆက်အကောင်အထည်ဖော်လုပ်ကိုင်သွားမည့် လုပ်ငန်းစဉ်များကို တင်ပြရမည်ဆိုလျှင် လေ့ကျင့်မှုအပိုင်းအနေဖြင့် မြို့နယ်အသီးသီး၌ နယ်မြေများအရောက်ကွင်းဆင်း၍ ရက်တိုသင်တန်းများဖွင့်လှစ်ကာ နိုင်ငံတော်၏ မူဝါဒသဘောတရားများကို ဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်ခြင်း၊ ရွှေဘိုခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် အညာတမာလွှမ်းရေးသုံးနှစ်စီမံကိန်းမှ တမာပင်လေးသိန်းငါးသောင်း စိုက်ပျိုးရေးစီမံချက်များ ရေးဆွဲကာဆောင်ရွက်လျက်ရှိကြောင်း။

ရွှေဘိုခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်းကွာခြားမှုနည်းပါးစေရေးအတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့်ပူးပေါင်းကာ အဆင့်မြင့်အော်တို တယ်လီဖုန်းများ တပ်ဆင်ခြင်းကို ကျေးရွာများအထိ တပ်ဆင်ပေးနိုင်ရေး၊ ကျေးလက်မီးလင်းရေးအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျေးရွာများကို ကွင်းဆင်းပြီး တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း၊ ဇီဝဓာတ်ငွေ့သုံး(Bio Gas)ဖြင့် မီးလင်းရေးလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းများအတွက် စီစဉ်ပေးသွားမည်ဖြစ်သည့်အပြင် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးကို ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် တင်ပြသွားသည်။

ကျေးလက်ဖွံ့ဖြိုးရေး

ယင်းနောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအား ထောက်ခံခြင်းတို့နှင့် စပ်လျဉ်း၍ ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြတ်မျိုးညွန့်က ထောက်ခံဆွေးနွေးရာတွင် ဤပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားတွင် ဝက်လက်မြို့နယ် မိခင်နှင့်ကလေးစောင့်

(၇)ရပ်လည်း ပေါ်ထွက်ခဲ့ပြီဖြစ်ကြောင်း၊ ဤလမ်းစဉ်(၇)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်နှင့်အမျှ မိမိတို့နိုင်ငံ၏ ပြည်သူလူထု တစ်ရပ်လုံး အေးချမ်းတည်ငြိမ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းများကို ခံစားလာကြရမှာ ဖြစ်ကြောင်း၊ အမျိုးသားရေးလမ်းစဉ်(၇)ရပ်တွင် ပထမဆုံးနှင့် အခြေခံအကျဆုံး ဖြစ်သော အမျိုးသားညီလာခံကြီးကိုလည်း အဆင့်ဆင့်ကျင်းပနေပြီ ဖြစ်ကြောင်း၊

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ဝက်လက်မြို့မှ မြို့မိမြို့ဖ ဦးသန်းထွန်းက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ဤအခမ်းအနားကြီးတွင် လူတန်းစားအလွှာစုံ၊ တိုင်းရင်းသားပေါင်းစုံတို့ ပါဝင်ဆွေးနွေးကြသည့်အတွက် အနာဂတ်နိုင်ငံတော်ကြီးအတွက် အလွန်အင်မတန်တန်ဖိုးရှိသော အခြေခံမူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာတော့မှာဖြစ်ကြောင်း၊ တစ်မျိုးသားလုံး၏ ငြိမ်းချမ်းသာယာခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းများကို ဖော်ဆောင်ပေးနေသည့်အတွက် မကြာမီ ပြန်လည်ကျင်းပတော့မည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုဂုဏ်ပြု ထောက်ခံကြရမှာလည်း ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ခရိုင်အတွင်းရှိ ကျေးရွာ ခြောက်ရွာ၌ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းနှင့် ကျေးရွာတစ်ရွာ၌ (Bio Gas) အသုံးပြုလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် အိမ်ထောင်စု ၁၀၀၀အတွက် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၂၀၀ ခန့် ထုတ်လုပ်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေသောက်မြောင်း အရှည်ပေပေါင်း ၁၂၀၀၀ ကျော် တူးဖော်ပေးနိုင်ခဲ့သည့်အတွက် လယ်မြေဧက ၁၀၀၀၀ကျော်ကို ရေသောက်စေနိုင်ခဲ့ပြီး သောက်သုံးရေအတွက် ဘုံဘိုင်တွင်း၃၀ကျော်နှင့် ရေကန်ငါးကန်ကို တူးဖော် ပြုပြင်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့ရှိရကြောင်း။

မမှိတ်မသုန်ယုံကြည်

ကျေးလက်လမ်း ၂၀ကို ပြုပြင်ပေးနိုင်ခဲ့ပြီး ကျေးရွာချင်းဆက်လမ်းနှင့် ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးနိုင်ခဲ့ပြီး တံတားငါးစင်းကိုလည်း ဆောက်လုပ်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အခြေခံပညာကျောင်း ငါးကျောင်းကို အသစ်ဆောက်လုပ်ပေးနိုင်ခဲ့ပြီး ဥပဓိရုပ်မကောင်းသောကျောင်းများကိုလည်း ပြုပြင်ပေးနိုင်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ကျေးရွာပေါင်း ၁၅ရွာ၌လည်း ကျေးလက်တယ်လီဖုန်းများတပ်ဆင်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကဏ္ဍအသီးသီး အလိုက်ဆက်လက်ဆောင်ရွက်ရန် လျာထားခြင်းတို့ကိုလည်း တွေ့ရှိရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဤအခမ်းအနားကြီးတွင် တင်ပြခဲ့သော ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအပေါ် မိမိတို့ မမှိတ်မသုန် ယုံကြည်ထောက်ခံကြောင်းဖြင့် တင်ပြသွားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ အရှေ့ရွှေကျင်ကျေးရွာမူလတန်းလွန်ကျောင်းဆောက်လုပ်ရန် အလှူငွေကျပ်သိန်း၆၀ကို အလှူရှင် အရှေ့ရွှေကျင်ကျေးရွာမှ ဦးဝင်းဦးက ဝက်လက်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်သို့လည်းကောင်း၊ ဝက်လက်မြို့နယ်အတွင်းရှိ မင်းကျီ-ကျောက်တိုင်ကျေးရွာချင်းဆက်လမ်းရှိ တံတားခြောက်စင်းတည်ဆောက်ရန် အလှူငွေကျပ်သိန်း၅၀ကို ကျောက်တိုင်ကျေးရွာမှ အလှူရှင်ဦးဗိုလ်တင့်-ဒေါ်အေးအေးသိန်းတို့ကိုယ်စား ဦးထွန်းရေက ဝက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုးအေးသို့လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝက်လက်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၁၁အုပ်စုမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာအစောင် ၁၀၈၀၀ကို လှတောစံပြကျေးရွာမှ ဦးသန်းထွန်းအောင်က ရွှေဘိုခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးနေလင်းသန်းထံသို့ ပေးအပ်သည်။

အတည်ပြု

ထို့နောက် သဘာပတိက ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ခံခြင်းအဆိုများနှင့်စပ်လျဉ်း၍ ပြည်သူလူထု၏ သဘောတူညီကြောင်း တစ်ခဲနက်ဆန္ဒပြုချက်အရ အစည်းအဝေးက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူလေးများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ မူပိုင်သီချင်းဖြစ်သည့် **'ပြည်မြန်မာ'**သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် နံနက် ၈နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာတို့၏ဆန္ဒအရ မုချလိုအပ်သောမူများဖြစ်

❒ အမျိုးသားညီလာခံကြီးသည်

(၁) ပြည်ထောင်စုမပြိုကွဲရေး၊

(၂) တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

(၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

(၄) စစ်မှန်သော ပါလီမန်ဒီမိုကရေစီစနစ် ထွန်းကားရေး၊

(၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊

(၆) အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဟူသော ဦးတည်ချက်(၆)ရပ်နှင့် ကျင်းပလျက်ရှိ။

❒ ဤဦးတည်ချက်(၆)ရပ်စလုံးသည် မြန်မာ့သမိုင်းကြောင်း၊ မြန်မာ့ရေမြေသဘာဝ၊ မြန်မာလူမျိုးတို့၏ ဆန္ဒသဘောထား စရိုက်လက္ခဏာတို့အရ မုချလိုအပ်သောမူများဖြစ်။

သွေးတိုးရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါအကြောင်း သိကောင်းစရာ

သွေးတိုးရောဂါ

လူတစ်ဦး၏ကျန်းမာရေးကို စစ်ဆေးသည့်အခါတိုင်း သွေးပေါင်ချိန်မည်မျှရှိသည်ကို မှတ်တမ်းတင်လေ့ရှိသည်။ သွေးပေါင်ချိန်သည် အသက်အရွယ်ကို လိုက်၍ ပြောင်းလဲသော်လည်း **ယေဘုယျအားဖြင့် သွေးပေါင်ချိန်သည် ၁၂၀/၈၀ mm Hgနှင့်အောက်ရှိလျှင် ပုံမှန်သွေးပေါင်ချိန်ရှိသည်။ သွေးတိုးရောဂါမရှိဟု ဆေးပညာရှင်များက သတ်မှတ်ကြသည်။ သွေးပေါင်ချိန် ၁၄၀/၉၀ mm Hgနှင့်အထက်ရှိသူများကိုသွေးပေါင်တက်သည်၊ သွေးတိုးရောဂါရှိသည်ဟု သတ်မှတ်ကြသည်။ ထို့ကြောင့် သွေးပေါင် ၁၂၀/၈၀ mm Hgနှင့် ၁၄၀/၉၀ mm Hgကြားတွင် ရှိသူများကို သွေးတိုးဖြစ်နိုင်သူများဟု ယူဆသတ်မှတ်ပါသည်။**

သွေးတိုးရောဂါဖြစ်ပွားမှု

သွေးတိုးရောဂါသည် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းအတွက် အရေးကြီးသော ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ခုအဖြစ် သတ်မှတ်၍ ကာကွယ်ကုသရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတကာ လေ့လာချက်စစ်တမ်းများအရ အရွယ်ရောက်သူ ၂၀ရာခိုင်နှုန်းသည် သွေးတိုးရောဂါဖြစ်နေသည်ကို တွေ့ရှိနေရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း ပြုလုပ်ထားသော သုတေသနစစ်တမ်းများအရ နိုင်ငံတကာကဲ့သို့ပင် အရွယ်ရောက်ပြီးသူ ၂၀ ရာခိုင်နှုန်းခန့်မှာ သွေးတိုးရောဂါဖြစ်ပွားနေကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် သွေးတိုးရောဂါကို အဓိက ကျန်းမာရေးပြဿနာတစ်ခုအဖြစ် သတ်မှတ်၍ ကျန်းမာရေးဝန်ကြီးဌာနမှ နှလုံးသွေးတိုးရောဂါစီမံချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းပြီး ကာကွယ်ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သွေးတိုးရောဂါ မည်ကဲ့သို့ဖြစ်ပွားသနည်း

သွေးတိုးရောဂါသည် အသက် ၄၀ကျော်လျှင် အထူးသဖြင့် ကိုယ်အလေးချိန်များသူများ ၊ဆီးချိုရောဂါဖြစ်နေသူများ၊ သွေးတိုးရောဂါမျိုးရိုးရှိသူများတွင် ပိုမိုဖြစ်ပွားလေ့ရှိသည်။ ဆေးလိပ်သောက်သူများ၊အရက်သောက်သူများ၊ ဆားနှင့်အငန်ကိုမရှောင်နိုင်သူများ၊ အဆီအဆိမ့်စားသုံးသူများနှင့် စိတ်ဖိစီးမှု ခံစားနေရသူများသည် သွေးပေါင် ပိုမိုတက်တတ်သည်။ ထို့ပြင် ကျောက်ကပ် ရောဂါဖြစ်နေသူများ၊ ကိုယ်ခန္ဓာအတွင်း ဟော်မုန်းဓာတ်ထုတ်လုပ်မှု မှုမမှန်သူများ၊ အချို့သောဆေးဝါးများ မှီဝဲနေသူများ ဥပမာ-သန္ဓေတားဆေးများကြောင့် သွေးတိုးရောဂါဖြစ်ပွားတတ်သည်။ ကိုယ်ဝန်ဆောင်စဉ် ကိုယ်ဝန်အဆိပ်တက်ခဲ့လျှင်လည်း သွေးတိုးရောဂါ ဆက်လက်ဖြစ်ပွားနိုင်သည်။

သွေးတိုးရောဂါလက္ခဏာများ

သွေးတိုးရောဂါသည် တစ်ခါတစ်ရံ မည်သည့်ရောဂါလက္ခဏာမျှ ပြသခြင်းမရှိဘဲ ရုတ်တရက် ဦးနှောက်သွေးကြောပြတ်ခြင်း၊ နှလုံးသွေးကြော ပိတ်ခြင်းတို့ ဖြစ်စေနိုင်ပြီး သေဆုံးသည်အထိ ဖြစ်နိုင်သောကြောင့် သွေးတိုးရောဂါကို အသံတိတ်လူသတ်ကောင်အဖြစ် တင်စားခေါ်လေ့ရှိသည်။ သွေးတိုး ရောဂါရှိသူသည် ခေါင်းကိုက်ခြင်း၊ မျက်စိဝေခြင်း၊ အားအင်ကုန်ခန်းခြင်း၊ မောဟိုက်ခြင်း စသည့် ရောဂါလက္ခဏာများလည်း တွေ့ရသည်။ ကျောက်ကပ်အားနည်း၍ ဖောရောင်ခြင်း၊ နှလုံးသွေးကြောကျဉ်း၍ ရင်ဘတ်အောင့်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းစသည့် လက္ခဏာများ တွေ့ရှိ၍ သွေးတိုးရှိမှန်း သိရသည်လည်းရှိသည်။

သွေးတိုးရောဂါ ရှိ-မရှိ မည်သို့သိရှိနိုင်သနည်း

သွေးတိုးရောဂါကို အလွယ်တကူသိရှိရန် သွေးပေါင်မှန်မှန်ချိန်ဖို့ လိုအပ်သည်။ သွေးပေါင်တက်သည်ကို တွေ့ရှိလျှင် သုံးကြိမ်သုံးခါ ပြန်လည်စစ်ဆေးပြီး သွေးပေါင်ချိန် ၁၄၀/၉၀ mm Hgနှင့်အထက်ရှိလျှင် သွေးတိုးရောဂါရှိသည်ဟု သတ်မှတ်ပါသည်။

သွေးတိုးရောဂါကို မည်သည့်အချိန်တွင် ကုသမှုခံယူရမည်နည်း

သွေးတိုးရောဂါရှိလျှင် ယေဘုယျအားဖြင့် သွေးပေါင် ၁၄၀/၉၀ mm Hg နှင့် အထက်ရှိလျှင် ဆေးကုသမှုခံယူရန် လိုအပ်သည်။ သွေးတိုးရောဂါရှိလျက် ကုသမှုမခံယူလျှင် နှလုံး၊ သွေးကြော၊ ဦးနှောက်နှင့်ကျောက်ကပ်ကဲ့သို့သော ကိုယ်ခန္ဓာအတွက် အရေးပါသောအစိတ်အပိုင်းများ ချို့ယွင်းလာမည်ဖြစ်သည်။

သွေးတိုးကြောင့် နှလုံးကြီးခြင်း၊ နှလုံးညှစ်အား လျော့ကျခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါများဖြစ်စေသည်။ ဦးနှောက်သွေးကြောပိတ်ခြင်း၊ သွေးယိုခြင်း၊ လေဖြတ်ခြင်းများလည်း ဖြစ်နိုင်သည်။ ကျောက်ကပ်အားနည်းလာမည်။ မျက်စိကွယ်သည့်ရောဂါ၊သွေးလွှတ်ကြောများမာခဲလာခြင်း၊ Atherosclerosis ဖြစ်၍ သွေးကြောပိတ်ခြင်း၊ ခြေလက်ပုပ်ခြင်းများဖြစ်စေသည်။

သွေးတိုးရောဂါရှိသူများ မည်သို့ပြုမူနေထိုင်ရမည်

သွေးတိုးရောဂါရှိလျှင် လိုအပ်သောဆေးဝါးများဖြင့် ကုသမှုခံယူရန် လိုအပ်သကဲ့သို့ပင် မိမိကိုယ်တိုင်ကလည်း ကျန်းမာရေးနှင့် လိုက်လျောညီထွေစွာ နေထိုင်စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပြုခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်သည်။ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်း၊ ကိုယ်အလေးချိန်ကို ထိန်းသိမ်းခြင်း၊ ဆားနှင့်အငန်လျှော့စားခြင်း၊ အဆီလျှော့စားခြင်း၊ ဟင်းသီးဟင်းရွက် အသီးအနှံများကို စားသုံးခြင်း၊ စိတ်ဖိစီးမှုလျော့ကျအောင် ပြုမူနေထိုင်ခြင်းဖြင့် သွေးတိုးရောဂါကာကွယ်ကုသရေးတွင် အထောက်အကူဖြစ်စေသည်။ သွေးပေါင်အနည်းငယ်တက်သူများသည် အထက်ပါအတိုင်း ကျန်းမာရေးနှင့် မျှတညီညွတ်စွာ နေထိုင်ခြင်းဖြင့် သွေးပေါင်ပုံမှန် ပြန်ရောက်နိုင်သည်။ အထက်ပါအတိုင်းပြုမူနေထိုင်သည့်တိုင်အောင် သွေးပေါင်၁၄၀/၉၀ mm°°Hgနှင့် အထက်ရှိလျှင် သွေးပေါင်ထိန်းပေးသော ဆေးဝါးများကို တတ်ကျွမ်းနားလည်သည့် ကျန်းမာရေးဝန်ထမ်းများ၏ ညွှန်ကြားချက်နှင့်အညီ မှီဝဲသုံးစွဲရန်လိုအပ်သည်။ ထိုဆေးဝါးများသည် သွေးတိုးရောဂါကို ပျောက်ကင်းအောင် ကုသပေးခြင်းမဟုတ်ဘဲ သွေးပေါင်မတက်အောင် ထိန်းပေးခြင်းသာဖြစ်၍ သွေးပေါင်ကျဆေးကို အမြဲတမ်းမှန်မှန် သုံးစွဲရန်လိုအပ်သည်။

သွေးတိုးရောဂါရှိသူသည် ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းကြောင့် သွေးပေါင်ကိုပိုမိုတက်စေပြီး သွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါဖြစ်ပွားမှုကို ပိုမိုများပြားနိုင်သည့်အတွက် အရက်နှင့်ဆေးလိပ်ကို လုံးဝရှောင်ကြဉ်သင့်သည်။ တစ်နေ့တာ စားသုံးမှုအာဟာရထဲတွင် ဆား၏ပါဝင်မှုနှုန်းကို လက်ဖက်ရည်ဇွန်းတစ်ဇွန်းထက်နည်းအောင် ဆားနှင့်အငန်ဓာတ်ကို လျော့ကျအောင် အစားအစာများကိုပြုပြင်၍ စားသုံးသင့်သည်။ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်တို့တွင် ဆားပါဝင်မှုများပြားလေ့ရှိသဖြင့် ရှောင်ကြဉ်သင့်ပေသည်။ ဆိုဒါပါသောမုန့်၊ စားသောက်ဖွယ် အမျိုးမျိုး၊ အချိုမှုန့်ပါသော အစားအစာများသည်လည်း အငန်ဓာတ်ပါဝင်သည့်အတွက် ရှောင်သင့်သည်။

ပါမောက္ခ ဒေါက်တာဒေါ်ခင်မေစန်း

အစားအစာများ ချက်ပြုတ်ပြင်ဆင်ရာမှာ တိရစ္ဆာန်အဆီ၊ ထောပတ်၊ ကြက်ဥအနှစ်ကဲ့သို့ အဆီဓာတ်များသည့် အစားအစာများကိုရှောင်သင့်သည်။ အသီးအနှံနှင့်ဟင်းသီးဟင်းရွက်များကို ပိုမိုစားသုံးသင့်ပြီး ငါးကိုတစ်ပတ်လျှင် အနည်းဆုံးသုံးကြိမ်ခန့် စားသုံးသင့်သည်။ ကိုယ်လက်လှုပ်ရှားမှု ပိုမိုလုပ်သင့်သည်။ ခပ်ပြင်းပြင်းလမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ အေရိုးဗစ် လေ့ကျင့်ခန်းကဲ့သို့သော လေ့ကျင့်ခန်းများ လုပ်ခြင်းသည် ကျန်းမာရေးအတွက် အထောက်အကူပြုသော အလေ့အကျင့်ကောင်းများဖြစ်သည်။ ရွေ့လျားမှုများမရှိသော လေ့ကျင့်ခန်းများ၊ ဥပမာ-အလေးမခြင်းသည် အထက်ဖော်ပြပါ လေ့ကျင့်ခန်းများကဲ့သို့ အထောက်အကူပြုခြင်းမရှိပါ။ တစ်ပတ်လျှင်ငါးရက်၊ တစ်နေ့လျှင် နာရီဝက်ခန့် ခပ်ပြင်းပြင်းလမ်းလျှောက်ခြင်းသည် လူတိုင်းဆောင်ရွက်နိုင်သော အလွယ်ကူဆုံး ကိုယ်လက်လှုပ်ရှားမှု တစ်ခုဖြစ်သည်။

သွေးပေါင်တက်၍ သွေးတိုးရောဂါရှိသူများ သွေးပေါင်ကျအောင် ပြုမူဆောင်ရွက်ခြင်းဖြင့် ထူးခြားသောအကျိုးကို ရရှိခံစားရသည်။ နေထိုင်၍ ပိုမိုကောင်းလာပြီး ခေါင်းကိုက်ခြင်း၊ မောပန်းခြင်း၊ ရင်တုန်ခြင်းတို့ ပျောက်ကင်းလာမည်။ သွေးတိုးကြောင့်ဖြစ်ပွားသော နှလုံးရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ၊ ကျောက်ကပ်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်သည်။ အချုပ်အားဖြင့်ဆိုရလျှင် အထက်ပါအတိုင်း သွေးပေါင်ကို ထိန်းသိမ်းပြီးနေလျှင် သက်တမ်းစေ့ကျန်းမာစွာနေထိုင်နိုင်မည် ဖြစ်သည်။

တစ်ခါတစ်ရံတွင်လည်း နှလုံးသွေးကြောကျဉ်းရောဂါသည် ရင်ဘတ်မအောင့်ဘဲ မောပန်းခြင်း၊ ချွေးစေးထွက်ခြင်း၊ အားအင်ကုန်ခန်းခြင်းတို့သာ ဖြစ်တတ်သည်ကို တွေ့ရှိရသည်။

ရောဂါဖြစ်စေနိုင်သောအခြေအနေများ

အမျိုးသားများသည် အမျိုးသမီးများထက် နှလုံးသွေးကြောကျဉ်းရောဂါ ပိုမိုဖြစ်ပွားလေ့ရှိသည်။ အမျိုးသမီးများ မီးယပ်သွေးဆုံးပြီးလျှင် အမျိုးသားများကဲ့သို့ ဖြစ်နိုင်သည်။ **ဆေးလိပ်သောက်သူများ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သွေးအတွင်းအဆီဓာတ်များသူများ၊ ကိုယ်အလေးချိန်များသူများ၊ အရက်သောက်သူများ၊ ကိုယ်လက်လှုပ်ရှားမှုနည်းသူများတွင် နှလုံးသွေးကြောကျဉ်းရောဂါ ပိုမိုဖြစ်နိုင်သည်။**

လူတစ်ဦးထဲတွင် သွေးပေါင်တက်လျှင်၊ ဆီးချိုရှိလျှင်၊ သို့မဟုတ်ဆီးချိုဖြစ်နိုင်ချေရှိလျှင်၊ သွေးအတွင်းအဆီများလျှင်၊ ဝလျှင်၊ သို့မဟုတ် ဗိုက်အိုးထွက်ခြင်းကဲ့သို့ အကြောင်းများရှိနေသူများတွင် နှလုံးသွေးကြောကျဉ်း ရောဂါ ပိုမိုဖြစ်နိုင်သည်။

နှလုံးသွေးကြောကျဉ်းရောဂါကို မည်သို့စစ်ဆေးနိုင်သနည်း

နှလုံးသွေးကြောကျဉ်းရောဂါလက္ခဏာရှိသူ၊ ရောဂါဖြစ်နိုင်သော အခြေအနေရှိသူများကို ECGစက်ဖြင့် နှလုံး၏သွေးကြောအခြေအနေကို စစ်ဆေးနိုင်သည်။ သာမန်အချိန်တွင် ECGဖြင့်ရောဂါမတွေ့ရှိလျှင် လေ့ကျင့်ခန်းလုပ်၍ ECG (Exercise ECG)ဖြင့်လည်း စစ်ဆေးနိုင်သည်။ ဤနည်းဖြင့် နှလုံးသွေးကြောကျဉ်းသူအများစုကို ရောဂါရှာဖွေစစ်ဆေးနိုင်သည်။

နှလုံးသွေးဖြန့်ဝေမှုကို စစ်ဆေးသောစက် (Myocardial Perfusion Scan)ဖြင့်လည်း နှလုံးသွေးကြောကျဉ်းရောဂါကို စစ်ဆေးနိုင်သည်။ ရေဒီယိုသတ္တိပြသော ဓာတ်ပေါင်းတစ်မျိုးကို သွေးပြန်ကြောမှ နှလုံးထဲသို့ထည့်ပေး၍ ကင်မရာဖြင့် နှလုံးတွင်သွေးဖြန့်ဝေမှုကို ပုံဖော်စစ်ဆေးနိုင်သည်။ ထိုသို့စစ်ဆေးခြင်းဖြင့် သွေးကြောကျဉ်း၍ သွေးမလျှောက်သည့် နှလုံးကြွက်သားဧရိယာများကို အနီးစပ်ဆုံးပုံဖော် စစ်ဆေးနိုင်သည်။ လေ့ကျင့်ခန်းလုပ်၍ ECG ဖြင့် စစ်ဆေးသည့်ပြင် နှလုံးတယ်လီဗွီးရှင်း(Echocardiogram)စက်ဖြင့်လည်း သွေးကြောကျဉ်းရောဂါကြောင့် နှလုံးကြွက်သားများ ပုံမှန်အလုပ် လုပ်မလုပ်ကိုလည်းစစ်ဆေး၍ နှလုံးသွေးကြောကျဉ်းရောဂါရှိမရှိ စစ်ဆေးနိုင်သည်။

နှလုံးသွေးကြောဓာတ်မှန်ရိုက်ခြင်း (Coronary Angiogram)

နှလုံးသွေးကြောတွင်းသို့ ပိုက်ထည့်၍ ဆေး(Dye)ထိုးပြီး နှလုံးသွေးကြောကို ဓာတ်မှန်ရိုက်၍ ကြည့်နိုင်သည်။ ဤသို့ဓာတ်မှန်ရိုက်ခြင်းဖြင့် နှလုံးသွေးကြောကျဉ်းသည့်နေရာ မည်မျှကျဉ်းနေသည်နှင့် သွေးကြောကို ဘောလုံးဖြင့်ချဲ့၍ ရမရကိုပါ စစ်ဆေးသိရှိနိုင်သည်။

သွေးတိုးရောဂါရှိလျှင် ယေဘုယျအားဖြင့် သွေးပေါင် ၁၄၀/၉၀°mm Hgနှင့် အထက်ရှိလျှင် ဆေးကုသမှုခံယူရန် လိုအပ်သည်။ သွေးတိုးရောဂါရှိလျက် ကုသမှုမခံယူလျှင် နှလုံး၊ သွေးကြော၊ ဦးနှောက်နှင့် ကျောက်ကပ်ကဲ့သို့သော ကိုယ်ခန္ဓာအတွက် အရေးပါသော အစိတ်အပိုင်းများ ချို့ယွင်းလာမည်ဖြစ်သည်။

သွေးတိုးကြောင့် နှလုံးကြီးခြင်း၊ နှလုံးညှစ်အား လျော့ကျခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါများဖြစ်စေသည်။ ဦးနှောက်သွေးကြောပိတ်ခြင်း၊ သွေးယို ခြင်း၊ လေဖြတ်ခြင်းများလည်း ဖြစ်နိုင်သည်။

နှလုံးသွေးကြောကျဉ်းရောဂါ

နှလုံးသွေးကြောကျဉ်းရောဂါသည် ကမ္ဘာ့နိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံတွင် ပိုမိုဖြစ်ပွားလာသည်ကို သုတေသနစစ်တမ်းများအရ သိရှိရသည်။ နှလုံးသွေးကြောကျဉ်းရောဂါဆိုသည်မှာ နှလုံးသွေးကြောများတွင် အဆီများ စုလာ၍ သွေးကြောကျဉ်းလာခြင်း၊ ပိတ်ဆို့ခြင်းကြောင့် နှလုံးကြွက်သားများ အလုပ်မလုပ်နိုင် ဖြစ်လာခြင်းကိုခေါ်သည်။ နှလုံးပုံမှန်အလုပ်လုပ်ရန် လိုအပ်သော အောက်စီဂျင်နှင့် အာဟာရဓာတ်များကို နှလုံးသွေးလွှတ်ကြောသုံးချောင်းမှ ရရှိသည်။ ထိုသွေးလွှတ်ကြောသုံးချောင်းအနက် တစ်ချောင်း၊ သို့မဟုတ် တစ်ချောင်းထက်ပို၍ ကျဉ်းနေလျှင် နှလုံးသွေးကြောကျဉ်းရောဂါ လက္ခဏာများ ဖြစ်ပေါ်လာသည်။ နှလုံးသွေးကြော၌ အဆီများစု၍ သွေးကြောများမာလာခြင်းသည် အဓိက အကြောင်းရင်းဖြစ်သည်။

ပြင်းထန်သော လေ့ကျင့်ခန်းများလုပ်သည့်အခါ နှလုံးသွေးကြောမှ သွေးကို လိုအပ်သလောက်မပေးနိုင်တော့၍ နှလုံးကြွက်သားများ အလုပ်မလုပ်တော့ဘဲ ရုတ်တရက် သေဆုံးတတ်သည်။ အထူးသဖြင့် အားကစားသမားများတွင် ရုတ်တရက်သေဆုံးရသည်မှာ နှလုံးသွေးကြောရောဂါကြောင့် ဖြစ်သည်။

ရောဂါလက္ခဏာများ

လှုပ်ရှားမှုပြုလုပ်သည့်အခါ ဘယ်ဘက်ရင်အုံနေရာတွင် ညှစ်ထားသကဲ့သို့ အောင့်တက်လာပြီး နားလိုက်လျှင် သက်သာသွားသည်။ တစ်ခါတစ်ရံ ရင်ဘတ်အောင့်ခြင်းသည် မေးရိုးနှင့် လက်မောင်းထိအောင် ပြန့်ပွားတတ်သည်။ ရင်ဘတ်အောင့်သည်နှင့် တစ်ချိန်တည်းတွင် ချွေးစေးထွက်ခြင်း၊ ပျို့အန်ခြင်း၊ ခေါင်းမူးခြင်း၊ မောဟိုက်ခြင်းတို့ပါ ဖြစ်နိုင်သည်။ ရောဂါပိုမိုဆိုးလာလျှင် လှုပ်ရှားမှုမပြုဘဲ နားနေစဉ်မှာပင် အထက်ပါအတိုင်း ရင်ဘတ်အောင့်လာနိုင်သည်။

ထိုသို့ရင်ဘတ်တွင်းမှ မိနစ်၂၀ထက်ပို၍ အပြင်းအထန်အောင့်တက်လာလျှင် နှလုံးသွေးကြောပိတ်ခြင်းကြောင့် ဖြစ်နိုင်သည်။

ထိုကဲ့သို့ စမ်းသပ်မှုအားလုံးကို ယခုအခါတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုသဌာနတွင် ပြုလုပ်နိုင်ပြီ ဖြစ်သည်။

နှလုံးသွေးကြောကျဉ်းရောဂါကို မည်ကဲ့သို့ ကုသမှုခံယူရမည်နည်း

နှလုံးသွေးကြောကျဉ်းရောဂါဖြစ်သူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက် ပြုမူရန် (Life Style Modification) အလွန်လိုအပ်သည်။ ဆေးလိပ်လုံးဝဖြတ်ပစ်ရမည်။ အာဟာရမျှတသောအစားအစာကိုစားသုံးရမည်။ ဆား၊ အငန်နှင့် အသားဆီ၊ ဟင်းရွက်ဆီတို့ကို လျှော့၍စားသုံးရမည်။ အသီးအနှံ၊ ဟင်းသီးဟင်းရွက်များကို ပိုမိုစားသုံးရမည်။ ငါးကိုပိုမိုစားသုံးသင့်သည်။ သင့်လျော်သော ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများ၊ ဥပမာ-ခပ်မြန်မြန်လမ်းလျှောက်ခြင်းတို့ကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရန်လိုအပ်သည်။ စိတ်ဖိစီးမှုကို လျော့ပါးစေရန် လေ့ကျင့်ခန်းလုပ်ခြင်း၊ တရားထိုင်ခြင်းတို့ ပြုလုပ်သင့်သည်။

နှလုံးသွေးကြောကျဉ်းရောဂါဖြစ်လျှင်ရောဂါလက္ခဏာအနည်းအများပေါ်မူတည်၍

၁။ ဆေးဝါးကုသမှုခံယူနိုင်သည် (Medical Treatment)

၂။ နှလုံးသွေးကြောကို ချဲ့၍ လိုအပ်လျှင်သွေးကြောထောက် ကိရိယာထည့်၍ ကုသနိုင်သည် (Angioplasty and Stenting)

၃။ နှလုံးကိုခွဲစိတ်၍ သွေးကြောအစားထည့်ပြီး ကုသနိုင်သည် (CABG)

ဆေးဝါးဖြင့်ကုသခြင်း

သွေးကြောကျဉ်းလူနာအားလုံးသည် ဆေးဝါးဖြင့်ကုသရန် လိုအပ်သည်။ သွေးကြောတွင် သွေးမခဲစေရန်၊ အဆီဓာတ်လျော့ပါးစေရန်၊ သွေးပေါင်မှန်စေရန်၊ သွေးကြောကျုံ့ခြင်းမှ ကာကွယ်ရန်၊ Asprin, Statin, ACEI, B-blocker စသည့်ဆေးများကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း သောက်ရန်လိုအပ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နိုင်ငံတော်၏ ပကတိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုလေ့လာရန် ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား၊ သင်တန်းသူများ ရန်ကုန်မြို့သို့ရောက်ရှိ

နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုလေ့လာရန်နှင့် ရန်ကုန်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညိုရန်အတွက် ရန်ကုန်မြို့သို့ မီးရထားဖြင့်ရောက်ရှိလာကြသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) လေးနှစ်သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသား၊ သင်တန်းသူများအား ရန်ကုန်ဘူတာကြီး၌ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူတွေ့ရစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) လေးနှစ်သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသား သင်တန်းသူ ၂၅၄ဦးသည် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုင်ငံတော်၏ ပကတိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုလေ့လာရန်နှင့် ရန်ကုန်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများအားဖူးမြော်ကြည်ညိုရန် ယနေ့နံနက် ၈နာရီခွဲတွင် မြန်မာ့မီးရထားဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ လေ့လာရေးခရီးစဉ် ကြိုဆိုနေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူးနှင့် အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များက ရန်ကုန်ဘူတာကြီး၌ ကြိုဆိုကြပြီး သင်တန်းသား သင်တန်းသူများ တည်းခိုရာ ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ ပို့ဆောင်ပေးကြသည်။

လေ့လာရေးအဖွဲ့ဝင် သင်တန်းသား သင်တန်းသူများသည် နံနက်၁၀ နာရီတွင် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက် ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီးဌေးအောင်က ကြိုဆိုပြီး ပြတိုက်ဖွင့်လှစ် ပြသရခြင်းရည်ရွယ်ချက်နှင့် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် လေ့လာရေးအဖွဲ့ဝင် သင်တန်းသား သင်တန်းသူများသည် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့မှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင် သင်တန်းသား သင်တန်းသူများသည် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်သို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွှန့်ဖေနှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး ဌာနမှူး ဦးညွှန့်ဖေက ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အထိမ်းအမှတ်အလံများ လဲလှယ်ကြပြီး လေ့လာရေးအဖွဲ့ဝင် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင် သင်တန်းသား သင်တန်းသူ များသည် ပြည်ထောင်စုအေးရိပ်ငြိမ်ရှိ တိုင်းရင်းသားပြခန်း၊ သစ်တောနှင့် ကျောက်မျက်ပြခန်း၊ ပန်းပြခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

လေ့လာရေး အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ ရောက်ရှိရာ ခေတ္တ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းက ကြိုဆိုပြီး တပ်မတော်စစ်သမိုင်းပြတိုက်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကာ အထိမ်းအမှတ်အလံများ လဲလှယ်ကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး လေ့လာရေး အဖွဲ့ဝင်များသည် တပ်မတော်စစ်သမိုင်းပြတိုက်ရှိ ပြခန်း၊ ပြကွက်များကို ကြည့်ရှုလေ့လာကြသည်။

ထို့မှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် အထိမ်းအမှတ်အလံများလဲလှယ်ကြပြီး အမျိုးသားပြတိုက် ညွှန်ကြားရေးမှူး ဒေါ်နုမြဲဇက အမျိုးသားပြတိုက်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင် သင်တန်းသား သင်တန်းသူများသည် အမျိုးသားပြတိုက်ပြခန်း၊ ပြကွက်များကို ကြည့်ရှုလေ့လာကြပြီး လေ့လာရေးအဖွဲ့ဝင် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုလေ့လာရန်နှင့် ရန်ကုန်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညိုရန်အတွက် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) လေးနှစ်သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသား၊ သင်တန်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်တွင် လေ့လာကြည့်ရှုကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၃၀–၁–၂၀၀၅) ရက်နေ့

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

(၁၃–၂–၂၀၀၅)ရက်နေ့နှင့် (၂၇–၂–၂၀၀၅)ရက်နေ့

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

အထက်ပါအတိုင်း လိုအပ်သောဆေးဝါးများဖြင့် ကုသပါသော်လည်း ရောဂါမသက်သာလျှင်၊ သို့မဟုတ် သွေးကြောကျဉ်းရောဂါကြောင့် သွေးကြောပိတ်ရန် အလားအလာရှိသူများကို သွေးကြောချဲ့၍ ကုသခြင်း၊ လိုအပ်လျှင် သွေးကြောထောက်ကိရိယာထည့်၍ ကုသနိုင်သည်။

နှလုံးသွေးကြောကျဉ်းရောဂါရှိသူများတွင် နှလုံးသွေးကြောဓာတ်မှန်ရိုက်သည့်အခါ အဓိကသွေးကြောများ ပိတ်ဆို့ခါနီးဖြစ်နေလျှင်၊ သွေးကြောသုံးချောင်းစလုံးရောဂါရှိလျှင် ထိုသွေးကြောများကို ချဲ့ပေးရန်၊ သွေးကြောထောက်ကိရိယာထည့်ရန် မဖြစ်နိုင်ပေ။ ထိုအခြေအနေမျိုးတွင်ခွဲစိတ်၍ နှလုံးသွေးကြောအစားထိုးကုသခြင်းဖြင့် ကုသရန်လိုအပ်သည်။ အထူးသဖြင့် ဆီးချိုရောဂါရှိသူများ၊ နှလုံးညှစ်အားကျနေသူများတွင် ပို၍အကျိုးရှိသည်။

အထက်ပါကဲ့သို့ နှလုံးသွေးကြောချဲ့ခြင်း၊ သွေးကြောထောက်ကိရိယာထည့်ခြင်းနှင့် လိုအပ်ပါက ခွဲစိတ်၍နှလုံးသွေးကြောအစားထည့်ခြင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုသဌာန နှလုံးခွဲစိတ်ကုသဌာနတွင် ပြုလုပ်ပေးနိုင်သည်။

နှလုံးသွေးကြောကျဉ်းရောဂါမဖြစ်ပွားစေရန်ကာကွယ်ရေး

ကျန်းမာရေးနှင့် ညီညွတ်စွာပြုမူနေထိုင်ခြင်း (Healthy Life Style)ဖြင့် နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ပွားမှုကို လျော့ကျစေနိုင်သည်။ ဆေးလိပ်မသောက်ရ၊ ဆေးလိပ်သောက်သူများ ဆေးလိပ်ဖြတ်ပါ။ အရက်မသောက်ရ၊ အရက်သောက်သူများ အရက်ဖြတ်ပါ။ ဆားနှင့် အငန်လျှော့စားပါ။ အသားဆီ၊ ဟင်းချက်ဆီကိုလျှော့စားပါ။ ဟင်းသီးဟင်းရွက်၊ အသီးအနှံစားပေးပါ။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ပါ။ တစ်ပတ်လျှင် ငါးရက် တစ်ရက်လျှင် နာရီဝက်ခန့်ခပ်ပြင်းပြင်းလမ်းလျှောက်ပါ။ အိမ်ရှင်မများ အိမ်မှုကိစ္စ ဆောင်ရွက်ခြင်းသည် ကိုယ်လက်လှုပ်ရှားမှု ပြုခြင်းတစ်မျိုးဖြစ်သည်။

သွေးပေါင်ချိန်မှန်မှန်ချိန်၍ သွေးတိုးရှိမရှိ စစ်ဆေးသင့်သည်။ သွေးပေါင်တက်လျှင် သွေးပေါင်ချိန် ၁၃၀/၈၅ mm Hg ထက်နည်းအောင် ဆေးကုသမှုခံယူရမည်။ သွေးချိုရောဂါရှိမရှိနှင့် သွေးချိုဖြစ်နိုင်ချေရှိမရှိကို စစ်ဆေးရမည်။ ဖြစ်နိုင်ချေရှိလျှင် သွေးချိုရောဂါနှင့် သင့်လျော်သော အာဟာရကို စားသုံး၍ လိုအပ်သောဆေးဝါးကုသမှုခံယူရမည်။

သွေးအတွင်း အဆီမည်မျှရှိသည်ကို သွေးဖောက်စစ်ဆေး၍ များနေလျှင် ကျန်းမာရေးနှင့် ညီညွတ်သောအဆီလျော့စေမည့် အစားအသောက်ကို ရွေးချယ်စားသုံးခြင်း၊ လိုအပ်သောဆေးဝါးကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း သောက်ခြင်းဖြင့် ကုသရန်လိုအပ်သည်။ မီးယပ်သွေးဆုံးပြီးသော အမျိုးသမီးများ ဟော်မုန်း ပါသောဆေးများသောက်ခြင်းမှ ရှောင်ကြဉ်သင့်သည်။ သက်စောင့်ဓာတ်ဟု ခေါ်သော ဗီတာမင်များကို မှန်မှန်မှီဝဲသင့်သည်။

လူတစ်ဦးချင်းအနေဖြင့် အထက်ပါအတိုင်း လိုက်နာဆောင်ရွက်လျှင် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားမှုနှုန်း လျော့ကျသွားမည်ဖြစ်သည်။ နှလုံးသွေးကြောကျဉ်းရန် အခြေအနေရှိသူများ ဥပမာ–သွေးတိုးရောဂါ၊ ဆီးချို ရောဂါရှိသူများ၊ နှလုံးသွေးကြောကျဉ်းရောဂါမျိုးရိုးရှိသူများပင် အထက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါက နှလုံးရောဂါဖြစ်ပွားမှုနှုန်း ၁၁ရာခိုင်နှုန်းခန့် လျော့ကျသွားသည်ကို တွေ့ရှိရသည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည်ဟူသော ဆိုရိုးစကားအတိုင်း လူတိုင်းလူတိုင်း အထက်ဖော်ပြပါအတိုင်း ကျန်းမာရေးနှင့် ညီညွတ်စွာ ပြုမူနေထိုင်လျှင် သွေးတိုးရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ ။

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ်–၂၀၀၅ ပြပွဲ ဆက်လက်ခင်းကျင်းပြသ

ရန်ကုန် ဇန်နဝါရီ ၂၆

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရက်သတ္တပတ်–၂၀၀၅ ပြပွဲကို ယနေ့နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) ဝင်းအတွင်း၌ ဆက်လက်ခင်းကျင်းပြသရာ ICT နည်းပညာကို စိတ်ပါဝင်စားကြသော ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

အလားတူ MICT Park ပင်မအဆောက်အအုံ၌ IT Product Presentation နည်းပညာဟောပြောပွဲများကို ကျင်းပလျက်ရှိရာ မွန်းလွဲ ၁ နာရီတွင် ကျင်းပသည့် Third Generation Myanmar Software အလုပ်ရုံဆွေးနွေးပွဲ၌ Myanmar Language Research Lab မှ ဦးသိန်းထွတ်၊ ဦးဝေလင်းကျော်နှင့် ဦးဇော်ထွတ်တို့က Myanmar Language နှင့် ပတ်သက်သည့် နည်းပညာများကို ရှင်းလင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြေငလျင်နှင့်ဆူနာမီရေလှိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဆေးပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံ၌ မြေငလျင်နှင့်ဆူနာမီရေလှိုင်းကြောင့် ဒေသအချို့တွင် ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများက ဆေးပစ္စည်းများနှင့် ကယ်ဆယ်ရေး အထောက်အပံ့ပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဆေးပစ္စည်းများနှင့် ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C. Long၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဒုတိယဌာနေကိုယ်စားလှယ် Ms. Akiko Suzaki၊ ကုလသမဂ္ဂ စားနပ်ရိက္ခာဖွံ့ဖြိုးမှု အစီအစဉ်ဌာနေကိုယ်စားလှယ် Mr. Bhim Udas နှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C. Long နှင့် World Vision International အဖွဲ့မှ ကိုယ်စားလှယ် Mr. Roger Walker တို့က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားကြပြီး ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ အမေရိကန် ဒေါ်လာ ၁၅၀၀၀၀၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမေရိကန်ဒေါ်လာ ၇၈၉၇၉၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့မှ အမေရိကန်ဒေါ်လာ ၉၄၉၆၃၊ ကုလသမဂ္ဂစားနပ်ရိက္ခာဖွံ့ဖြိုးမှု အစီအစဉ်မှ အမေရိကန် ဒေါ်လာ ၅၀၀၀၀၀၊ Humanitarian Service International အဖွဲ့မှ အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ World Vision International အဖွဲ့မှ အမေရိကန်ဒေါ်လာ ၅၀၅၀၀၀ နှင့် Support Fund Myanmar အဖွဲ့မှ ဆေးပစ္စည်းများ အပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၃၅၈၉၄၂ တန်ဖိုးရှိ ဆေးပစ္စည်းများနှင့် ကယ်ဆယ်ရေး အထောက်အပံ့များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ထံ ပေးအပ်လှူဒါန်းရာ ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က လက်ခံကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ ကျောဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့်ဆက်လက် ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရမည်းသင်းခရိုင် တပ်ကုန်းမြို့သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင် (၂၈၅/၄)မှ ရှစ်မိုင်အကွာ အင်းခုံ ကျေးရွာအနီးရှိ မိတ္ထီလာ လွင်ပြင်စိမ်းလန်းစိုပြည်ရေးတွင် တစ်ခုအပါအဝင်ဖြစ်သည့် မြို့လှ(တပ်ကုန်း) ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးလွှမ်းမိုးက မြို့လှ (တပ်ကုန်း) ရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက် မှာကြားပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အလေအလွင့် အဆုံးအရှုံး နည်းနိုင်သမျှ နည်းစွာဖြင့် အချိန်မီ ပြီးစီးအောင်ဆောင်ရွက်သွားကြရေး၊ သတ်မှတ် အရည်အသွေးပြည့်မီရေးတို့ကို မှာကြားသည်။

ဝိုင်းဝန်းကူညီ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အနီးပတ်ဝန်းကျင် ကျေးရွာများမှရပ်မိရပ်ဖများနှင့် ဒေသခံများအား တွေ့ဆုံ၍ နိုင်ငံတော်က ကျေးလက်ဒေသနေ ပြည်သူများအတွက် စေတနာရှေ့ထား လုပ်ကိုင်ဆောင်ရွက်ပေးနေမှုအပေါ် ကျေးလက်ဒေသနေ ပြည်သူများအပိုင်းက တည်ဆောက်ရေး ကာလအတွင်း ဝိုင်းဝန်း ကူညီ ထိန်းသိမ်း စောင့်ရှောက်သွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြို့လှ (တပ်ကုန်း) ရေလှောင်တမံ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ မြို့လှ(တပ်ကုန်း) ရေလှောင်တမံစီမံကိန်းသည် မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ် အင်းခုံရွာအနီး မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်စေရေးအတွက် ရေရရှိနိုင်ရန် မြို့လှချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်နေသော ဆည်တစ်ခု ဖြစ်သည်။ တမံအမျိုးအစားမှာ မြေသား တမံဖြစ်ပြီး တမံအမြင့်ပေ ၈၀၊ တမံအလျား ပေ ၂၁၀၀နှင့် ရေဆင်း ဧရိယာမှာ စတုရန်းမိုင် ၂၀ ဖြစ်သည်။

ရေပိုလွှဲ အမျိုးအစားမှာ သံကူကွန်ကရစ် (Broad-Crest)၊ ရေပိုလွှဲ အကျယ်ပေ ၅၀၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၃၁၀၀နှင့် ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာ ၄၆၅ ဧကဖြစ်သည်။

မြို့လှ(တပ်ကုန်း) ရေလှောင်တမံစီမံကိန်းကို တပ်ကုန်းမြို့နယ်အတွင်းရှိ ဆင်သေရေလွှဲဆည်မှရေကို ရမည်းသင်းမြို့နယ် ကျီးနီကန်သို့ ပထမဆင့်ရေသွယ်ယူရေးတွင် ထပ်မံဖြည့်စွက်ရေ ရရှိနိုင်ရေးအတွက် တည်ဆောက်နေခြင်းဖြစ်ပြီး တမံအောက်ပိုင်းရှိ လယ်မြေဧက ၄၀၀ ကိုလည်း ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် တပ်ကုန်းမြို့သို့ ပြန်လည်ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

သန်လျင်မြို့ မဟာမဇ္ဈိမာရုံ ဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၂၆

သန်လျင်မြို့ မဟာမဇ္ဈိမာရုံ ပရိယတ္တိစာသင်တိုက်အတွင်း ရွှေဥရတနာလေးထပ် ရွှေကျောင်းတော်ကြီးတွင် ရန်ကုန်မြို့ လသာမြို့နယ် မဟာဗန္ဓုလလမ်း ရွှေဥရတနာရွှေဆိုင် ဒေါ်ရွှေဥ(ခ)ဒေါ်နုနုဝေ မိသားတစ်စုတို့၏ တတိယအကြိမ် ဓမ္မပူဇာသဘင်ကို ဇန်နဝါရီ၂၉ ရက်တွင် တိပိဋကရေ တိပိဋကကောဝိဒ အရှင်သီလက္ခန္ဓာဘိဝံသ၊ ဇန်နဝါရီ၃၀ ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတရေ ဓမ္မာစရိယ အရှင်ဆေကိန္ဒ၊ ဖေဖော်ဝါရီ၃ ရက်တွင် ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက၊ ဖေဖော်ဝါရီ၄ ရက်တွင် ဝနဝါသီ အရှင်ဝါသေဌာဘိဝံသ ဆရာတော်တို့က ညစဉ် ၇ နာရီတွင် တရားရေအေးအမြိုက်ဆေး ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဝေဘာဂီအထူးကုဆေးရုံသို့ ရုပ်ရှင်အနုပညာရှင်များငွေလှူ

ရန်ကုန် ဇန်နဝါရီ ၂၆

ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)နှင့် ရုပ်ရှင်သရုပ်ဆောင်ဒွေး၊ သားညီ၊ ဖိုးကျော်၊ မင်းရဲဆက်တို့က ကန်တော်ကြီးမျှော်စင်ကျွန်းတွင် ဇန်နဝါရီ ၁၄ ရက်က ကျင်းပခဲ့သည့် ‘အနီရောင် ဖဲကြိုးများရဲ့ည ’ရုပ်ရှင်နှင့်ဂီတ စင်တင်ဂီတပွဲတော်မှရရှိခဲ့သည့်ဝင်ငွေ ကျပ်ငါးသိန်းငါးသောင်းကို ယနေ့ နံနက် ၉ နာရီက ဝေဘာဂီအထူးကုဆေးရုံသို့ သွားရောက်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နီလာက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ အတွင်း၊အပြင်လူနာများအတွက် ထောက်ပံ့ငွေနှင့် အောက်ဆီဂျင်ပေးစက်၊ ချွဲစုပ်စက်နှင့် အခြားလိုအပ်သောပစ္စည်းများ လှူဒါန်းကြရာ စုစုပေါင်း ကျပ်သိန်း ၂၀ ဖိုးရှိကြောင်းနှင့် ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNOOC Myanmar Limited. တို့ ကုန်းပိုင်းဒေသ လုပ်ကွက်အမှတ် C-1 (အင်းတော်-ရေနန်းဒေသ)၊ C-2 (ရွှေဘို-မုံရွာဒေသ)နှင့် မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-2 တို့၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊တူးဖော်၊ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုးပွဲတွင် ဝန်ကြီးများနှင့် ဧည့်သည်တော်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (စွမ်းအင်)

ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး မြန်မာနှင့်တရုတ် နှစ်နိုင်ငံစာချုပ်လက်မှတ်ရေးထိုး

ရန်ကုန် ဇန်နဝါရီ ၂၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNOOC Myanmar Limited. တို့သည် ကုန်းပိုင်းဒေသ လုပ်ကွက်အမှတ် C-1(အင်းတော်-ရေနန်းဒေသ)၊ C-2(ရွှေဘို-မုံရွာဒေသ)နှင့် မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-2 တို့၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract)များကို ယမန်နေ့ ညနေ ၆နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

အဆိုပါ လက်မှတ်ရေးထိုးချုပ်ဆိုပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun နှင့် စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. T. Jasudasen, CNOOC Myanmar Limited. ၏ အမှုဆောင်ဒါရိုက်တာနှင့် ဥက္ကဋ္ဌ Mr. Zhou Shouwei, China Huanqiu Contracting & Engineering Corp.၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr.Wang Shihong၊ ဖိတ်ကြားထားသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးချုပ်ဆိုပွဲ၌ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာ စကားပြောကြားပြီး CNOOC Myanmar Limited. ၏ အမှုဆောင်ဒါရိုက်တာနှင့် ဥက္ကဋ္ဌ Mr. Zhou Shouwei, China Huanqiu Contracting & Engineering Corp. ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Wang Shihong နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ဆက်လက်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် CNOOC Myanmar Limited. ၏ အမှုဆောင်ဒါရိုက်တာနှင့် ဥက္ကဋ္ဌ Mr. Zhou Shouwei တို့က စာချုပ်များကို လက်မှတ်ရေးထိုးချုပ်ဆိုကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်ကြော်ငြာစာကို ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီကလည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို ဝန်ကြီး ဦးသောင်းကလည်းကောင်း၊ CNOOC Myanmar Limited. ၏ အမှုဆောင်ဒါရိုက်တာနှင့် ဥက္ကဋ္ဌ Mr. Zhou Shouwei အား ပေးအပ်ကြပြီး လက်မှတ်ရေးထိုးချုပ်ဆိုပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှင်အာစာရလင်္ကာရ တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရဓမ္မကထိကဆရာတော် အရှင်အာစာရလင်္ကာရအရှင်မြတ်သည် ဇန်နဝါရီ ၂၇ ရက်တွင် ပုသိမ်မြို့ သစ်ညိုကုန်းရပ်ကွက် နိဂြောဓရဟန္တာပူဇော်ပွဲ၊ ၂၈ ရက်တွင် တောင်ဥက္ကလာပ(၅)ရပ်ကွက် ပဋ္ဌာန်းအောင်ပွဲ၊ ၂၉ ရက်တွင် လှိုင်(၁၁)ရပ်ကွက် သဟပုညကာရီဆွမ်းလောင်းအောင်ပွဲ၊ ၃၀ ရက်တွင် သာကေတ (၃)ရပ်ကွက် မာန်ပြေ မာရဝိဇယဓမ္မာရုံ၊ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်၌ ကွမ်းခြံကုန်းမြို့နယ် မယ်ဇလီရွာဓမ္မသဘင်၊ ၂ရက်နှင့် ၃ ရက်တွင် ကွမ်းခြံကုန်းမြို့နယ် ကမာကလွန်းရွာဦးပေါ်ဦးဘုရား၊ ၄ ရက်နှင့် ၅ ရက်၌ ပန်းတနော်မြို့ မြတောင်စာသင်တိုက် မြမေတ္တာဆေးကုခန်း နှစ်ပတ်လည်ဓမ္မသဘင်၊ ၆ ရက် ညနေဆည်းဆာတွင် ကမာရွတ် မာလာမြိုင်ရိပ်သာ အီး-၆၁ ဒေါ်ဝင်းကြည်မွေးနေ့ပွဲ၊ ယင်းနေ့ည ၈ နာရီ၌ သာကေတ (၅)ရပ်ကွက် သုမနဓမ္မဗိမာန်၊ ၇ ရက်တွင် သာကေတ (၅)ရပ်ကွက် သုမနဓမ္မဗိမာန်၊ ၈ ရက်၌ သာကေတ(၃)ရပ်ကွက် ရန်ပြေ မာရဝိဇယဓမ္မာရုံ ဓမ္မသဘင်တွင် တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အတွဲ(၂)၊အမှတ်(၃)ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၂၆

ကျေးလက်နေပြည်သူများ ခေတ်နှင့်အညီ အသိပညာ ဗဟုသုတဖွံ့ဖြိုးစေလိုသည့်ကွက်လပ်ကို ဖြည့်ဆည်းပေးရန်အတွက် ဒို့ကျေးရွာဂျာနယ်က အဘက်ဘက်မှ အားပေးကူညီလျက်ရှိသည်။

ဖေဖော်ဝါရီ ၁ ရက်ထုတ် အတွဲ(၂)၊ အမှတ်(၃) ဒို့ကျေးရွာဂျာနယ်တွင် စပါးအတွင်း ငါးထည့်သွင်းမွေးမြူခြင်း၊ ချည်မျှင်ရှည်ဝါ စိုက်ပျိုးဝင်ငွေတိုး၊ မြေပဲနှင့် ဇီဝစူပါမြေဩဇာရည်၊ လက်ဆောင်ပါးမှာ ကြံမြှုပ်ချေး သဘာဝမြေဩဇာ၊ စံပယ်မွှေးမွှေး အထွေးဖို့စသည့်ဆောင်းပါးများအပြင် ဝတ္ထုတို၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ရုပ်ရှင်၊ ကုန်ဈေးနှုန်း၊ မိုးလေဝသ၊ ဗေဒင်နှင့် အခြားဖတ်ဖွယ်မှတ်ဖွယ်ရာကဏ္ဍများကို ဝေဝေဆာဆာ ထည့်သွင်းထားသည်။ ဒို့ကျေးရွာဂျာနယ်စာမူများနှင့် ကြော်ငြာများကို အမှတ် ၃၀-၃၂၊ ၁၀ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၂၊ ၂၅၂၄၅၂၊ ၃၇၉၇၆၈ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီး ဆောက်လုပ်ရန်အတွက် မိုးညှင်းယောဂီ ဦးညွန့်မောင်-ဒေါ်တင်ကြည်တို့က ငွေကျပ် ၂၁၀၀၀၀ လှူဒါန်းရာ အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သင်းက လက်ခံယူစဉ်။ (က-ပ)

သံဃမဟာပရိဝါသ်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း) (၁၅၃)ရပ်ကွက် တဲဝိုင်းကြီးတောရကျောင်းတိုက်၌ အုတ်ဖိုဆရာတော်ကြီးမှူး၍ ဖေဖော်ဝါရီ ၆ ရက်မှ ၂၁ ရက်အထိ သံဃမဟာပရိဝါသ်ပွဲကျင်းပမည်ဖြစ်ရာ ဝါသ်ဆောက်တည်လိုသော သံဃာတော်အရှင်မြတ်များ ကြွရောက်တော်မူကြပါရန်နှင့် ဖုန်း-၀၉-၅၀၁-၇၄၇၄၊ ၇၀၀၇၉၀ နှင့် ၂၀၀၈၆၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာတစ်လွှား အားကစား

ကာရင်းဖလားဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ် လီဗာပူးက ဝေါ့ဖုဒ်အသင်းကို တစ်ဂိုး-ဂိုးမရှိအနိုင်ရရှိ

လန်ဒန် ဇန်နဝါရီ ၂၆

ကာရင်းဖလားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်အဖြစ် ဝေါ့ဖုဒ်နှင့် လီဗာပူးအသင်းတို့ ဇန်နဝါရီ ၂၆ ရက်က ယှဉ်ပြိုင်ကစားရာ လီဗာပူး အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

လီဗာပူးအနိုင်ရရှိ

ဝေါ့ဖုဒ်ကွင်း ဗီကာရာဂီရုတ်၌ ယှဉ်ပြိုင်ကစားရသည့်ပွဲကို လီဗာပူးတို့ ခက်ခဲစွာကစားပြီးမှ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင် လီဗာပူးက လူစုံထုတ် ကစားခဲ့ရာ ရှေ့တန်းတွင် မိုရီရင်တက်စ်၊ မီလန်ဘားရို့စ်နှင့် ရီယက်၊ အလယ်တန်းတွင် စတီဗင်ဂျရတ်၊ ဟာမန်နှင့် ဘက်စ်ကင်တို့ ပါဝင်ကစားသွားခဲ့ရာ ပွဲစဉ် ၇၇ မိနစ်တွင် စတီဗင်ဂျရတ်က လီဗာပူးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ကာရင်းဖလားလုရမည်

လီဗာပူးသည် ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ဆီမီးဖိုင်နယ်နှစ်ပွဲပေါင်း နှစ်ဂိုး-ဂိုးမရှိဖြင့် ကာရင်းဖလားဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ရာ တစ်ဖက်မှ မန်ချက်စတာနှင့် ချယ်လ်ဆီးအသင်းတို့ပွဲတွင် အနိုင်ရရှိသည့် အသင်းနှင့် ကာရင်းဖလားလုရမည်ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်နှင့် ချယ်လ်ဆီးအသင်းတို့အနေဖြင့် ကာရင်းဖလားဆီမီးဖိုင်နယ် ပထမအကျော့ပွဲအဖြစ် ချယ်လ်ဆီးကွင်း၌ ကစားခဲ့ရာတွင် သရေပွဲဖြစ်ခဲ့သည်။ ထိုပွဲတွင် မန်ယူက ပွဲချိန်နောက်ဆုံးမိနစ်များတွင် ၁၀ ဦးတည်းနှင့်ကစားခဲ့ရခြင်းဖြစ်သည်။



ကာရင်းဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဝေါ့ဖုဒ်နှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် လီဗာပူးမှ ဟာမန်(လဲနေသူ) ထိုးဖောက်ကစားမှုကို ဝေါ့ဖုဒ်မှ မာဟွန် ဟန့်တားလိုက်စဉ်။
(ဓာတ်ပုံ- အင်တာနက်)

ဝေါ့ဖုဒ်အသင်းသည် ပြီးခဲ့သော ၁၉၈၄ခုနှစ် အက်ဖ်အေဖလားဘောလုံး ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်၌ အဲဗာတန်အသင်းနှင့် ကစားခဲ့ရပြီးနောက်ပိုင်း ယခုအကြိမ်သည် ဒုတိယမြောက်ဆီမီးဖိုင်နယ်သို့ရောက်ခဲ့သည့် အောင်မြင်မှုတစ်ရပ်ဖြစ်ခဲ့ပြီဖြစ်သည်။

"ဝေါ့ဖုဒ်အသင်းကစားပုံ ကောင်းမွန်ပြီး မိမိတို့အသင်းကို မာမာတင်းတင်း တုံ့ပြန်ကစားနိုင်ခဲ့ကြောင်း၊ သို့ရာတွင် မိမိတို့ကစားကွက်ကောင်းမွန်မှုကြောင့် အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း" လီဗာပူးအသင်း ကပ္ပတိန်ဂျရတ်က စကိုင်းစပေါ့ရုပ်မြင်သံကြားသို့ ပွဲအပြီး ပြောကြားခဲ့သည်။

(အင်တာနက်)

ပြည်တွင်းပြည်ပထုတ်ကုန်များ ပြည်သူသိရန်ရည်ရွယ် မြန်မာတုန်းတာကုန်စည်ပြပွဲ-၂၀၀၅ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်ပမှ သွင်းကုန်အမျိုးမျိုးနှင့် ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်း အမျိုးမျိုးတို့ကို ပြည်သူများသိရှိစေရန် ရည်ရွယ်လျက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် Tong Tah Co., Ltd. က စီစဉ်ကျင်းပသော မြန်မာတုန်းတာကုန်စည်ပြပွဲ-၂၀၀၅ (Myanmar Tong TahTradeFair'2005)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန် ကုန်သွယ်မှု ဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေး၊ Tong Tah Co., Ltd. ဥက္ကဋ္ဌ Mr. Peter Loh နှင့် မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်

လတ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

ထို့နောက် ဧည့်သည်တော်များသည် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြပွဲတွင် Tong Tah Co., Ltd. နှင့် ပြည်တွင်း ပြည်ပ ကုမ္ပဏီ ၆၄ ခုတို့က ပြခန်းပေါင်း ၁၀၀ ကျော်ဖြင့် အထည်အလိပ်၊ အလှကုန်၊ လူသုံးကုန်နှင့် စားသောက်ကုန် ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရွန်းနစ် ပစ္စည်းအမျိုးမျိုး၊ မီးစက်နှင့် အင်ဂျင်အမျိုးမျိုး၊ အိမ်တွင်းအလှဆင ပါကေးကြမ်းခင်းတုံးများ၊ အိမ်တွင်း အလှဆင်ဒီဇိုင်းနှင့် အိမ်သုံးပစ္စည်း အမျိုးမျိုး၊ စာရေးကိရိယာ၊ စက္ကူနှင့် ထုပ်ပိုးပစ္စည်းအမျိုးမျိုး၊ မိတ္တူကူးစက်၊ Printer အပိုပစ္စည်းများ၊ စက်မှုဇုန်ထုတ်ကားများကို ခင်းကျင်းစီစဉ်ပြသထားပြီး Star Entertainment Co.,Ltd. က ကုန်ပစ္စည်းကြော်ငြာသရုပ်ပြပွဲဖြင့် ပြသဖျော်ဖြေကြသည်။

(သတင်းစဉ်)

ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပသော မြန်မာတုန်းတာကုန်စည်ပြပွဲတွင် Gent အရောင်းပြခန်းက ခေတ်မီအသင့်ချုပ်ပြီး အဝတ်အထည်များကို ရောင်းချပေးစဉ်။
(က-ပ)

ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပသော မြန်မာတုန်းတာကုန်စည်ပြပွဲတွင် ဝေယံ အီလက်ထရွန်းနစ်ပြခန်း၌ သွေးလည်ပတ်မှု၊ အကြောပြေစေမှု ဖြစ်စေသော ကိရိယာများကို လက်တွေ့ပြသစဉ်။
(က-ပ)

အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၂၆

မလေးရှားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် အသက်(၂၀)နှစ်အောက် အရှေ့တောင်အာရှလူငယ် ဘော်လီဘောပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်က ဒုတိယနေ့ပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် လူငယ်ဘော်လီဘောအသင်းက ထိုင်းလူငယ်လက်ရွေးစင်ဘော်လီဘောအသင်းကို ၁၇-၂၅၊ ၂၅-၂၃၊ ၂၅-၂၇၊ ၂၃-၂၅ မှတ်ဖြင့် သုံးပွဲ တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာလူငယ်လက်ရွေးစင်ဘော်လီဘောအသင်းသည် ဇန်နဝါရီ ၂၉ ရက်အထိ ပြိုင်ပွဲများကို ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပန်းတနော်မြို့နယ် ရွှေလှေ အထက၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ စတုတ္ထတန်းမှ ပညာရည်ချွန်ဆု ရရှိသူ မရည်မွန်ဇော်အား ကျောင်းအုပ်ဆရာကြီး ဦးဝင်းထိန်က ဆုချီးမြှင့်စဉ်။
(က-ပ)

ကနီမြို့နယ် ရောင်ခြည်ဦး ကျေးရွာစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ရှင်းလင်း

ကနီ ဇန်နဝါရီ ၁၄

ကနီမြို့နယ် ယက္ကန်းတိုင်ရွာ ရောင်ခြည်ဦးကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် ယက္ကန်းတိုင် ရွာကျောင်းဆရာတော် ဦးဣန္ဒဝံသ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးလင်းထိုက်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအေးမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးအေးမင်းက ရောင်ခြည်ဦးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရေရှည်တည်တံ့ရေးတို့ကို ရှင်းလင်းပြောကြားပြီး မုံရွာမြို့ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက် ဆရာတော် ဦးဉာဏဝံသ(ကိုလေးညွှန့်-ကနီ)က စာအုပ်မျိုးစုံ ၃၅၀ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ဇင်းဘုကျေးရွာနှင့် ရွှေလှေကျေးရွာချင်းဆက် မြေသားလမ်း ဆောင်ရွက်မှုကို ကဝမြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်တို့ ဒီဇင်ဘာ ၃၀ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (၂၄၀)

ကွဲပွဲအထက၌ အာစရိယပူဇော်မည်

အုတ်တွင်း ဇန်နဝါရီ ၂၀

အုတ်တွင်းမြို့နယ် ကွဲပွဲအခြေခံပညာအထက်တန်း ကျောင်းသားကျောင်းသူဟောင်းများ၏သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်၌ ကွဲပွဲအခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပမည်ဖြစ်ရာ အဝေးရောက်ကျောင်း သား ကျောင်းသူဟောင်းများ စုံညီစွာ တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုဝင်းမြင့် ဖုန်း-ကွဲပွဲ ၄၀၊ ကိုသန်းအေး ဖုန်း-၀၅၄- ၂၄၅၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၆)**

မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရုံးများ လုပ်ငန်းညှိနှိုင်း

မကွေး ဇန်နဝါရီ ၂၄

မကွေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၉ ရက်က မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မကွေးခရိုင်ဦးစီးအရာရှိက ကျေးလက်နေပြည်သူများ၏ ပညာဗဟုသုတမြင့်မားရေးကို ရှေးရှုပြီး ကျေးရွာတိုင်း စာကြည့်တိုက်များဖွင့်လှစ်ရေး၊ ကျေးရွာတိုင်းတီဗွီ တစ်လုံးစီရှိရေး၊ အိမ်ထောင်စုတိုင်း ရေဒီယိုတစ်လုံးစီရှိရေးနှင့် စာအုပ်လှူဒါန်းရရှိမှု တိုးပွားရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဇန်နဝါရီ ၁၃ ရက်က ကွတ်ခိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသော ကျောင်းသားကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းစိုးက ပေးအပ်စဉ်။ (က-ပ)

ကျောက်ပန်းတောင်းအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ကျင်းပ၊ ပညာရည်ထူးချွန်ဆုချီးမြှင့်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၅

ကျောက်ပန်းတောင်းမြို့နယ်တွင် ဆဋ္ဌမအကြိမ်မြောက် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ထူးချွန်ဆုပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသားကျောင်းသူကလေးများက မြန်မာ့ကျောင်း သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမဆောင်တွင် ကျင်းပရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက မြို့နယ်အတွင်း ပညာရည်ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဘက်စုံထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ကဏ္ဍအလိုက်၊ အဖွဲ့လိုက်တစ်ဦးချင်း ဆုရသူများကို စေတနာကုသိုလ်ရှင်များနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(၀၆၁)**

ဇန်နဝါရီ ၁၀ ရက်က မြဝတီမြို့ အမှတ်(၁)ရပ်ကွက် စပယ်လမ်းရှိ ရေမြောင်းအတွင်း အမှိုက်နှင့် နုန်းများဆယ်ယူရှင်းလင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

တောင်တွင်းကြီးမြို့ ဈေးမြောက်ဘက်လမ်း ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေး စုပေါင်းသန့်ရှင်း

တောင်တွင်းကြီး ဇန်နဝါရီ ၁၀

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများအား အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေး မြောက်ဘက်လမ်းရှိ ရေနုတ်မြောင်းအား ရေစီးရေလာ ကောင်းမွန်စေရေးနှင့် သန့်ရှင်းရေးအတွက် အမှိုက်နှင့် မြေဆွေးများ တူးဖော်ဆယ်ယူခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူတို့၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်း၍ ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (မြို့နယ်စည်ပင်)**

မီးသတ်စက် လွှဲပြောင်းပေးအပ်ပွဲ ဘိုကလေး၌ကျင်းပ

ဘိုကလေး ဇန်နဝါရီ ၂၂

ဘိုကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ ဘိုကလေးမြို့မ(၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကိုယ့်အားကိုယ်ကိုး မီးသတ်စက် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ရက်က မြို့မ(၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးနောင်တို့က အမှာစကားပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

အဆိုပါ မီးသတ်စက်ကို မြို့မ(၈)ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူ ဂေါပကအဖွဲ့နှင့် မြို့မ(၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ငွေကျပ်ငါးသိန်းအကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ပြီး မြို့မ(၈)ရပ်ကွက်နှစ်ကျိပ်ရှစ်ဆူ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်နှင့် ရပ်ကွက်မီးဘေး ကာကွယ်တားဆီးရေးအဖွဲ့ဝင် ဦးညွှန့်လှိုင်တို့က ရပ်ကွက်မီးသတ်တပ်ကြပ်ကြီး တင်နိုင်ဦးသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

အတုလဂုဏ်ရောင်ဓမ္မာရုံကျောင်းတိုက် နှစ်၁၀၀ပြည့် ပူဇော်ပွဲ
ဓနုဖြူမြို့နယ်တွင် ကျင်းပရေး ငွေလှူဒါန်း

ဓနုဖြူ ဇန်နဝါရီ ၂၃

ဓနုဖြူမြို့ အရှေ့ဘက်ကမ်း စံကင်း ကျောက်တိုင်ကျေးရွာရှိ အတုလဂုဏ်ရောင်ဓမ္မာရုံကျောင်းတိုက်၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲကို (၁၃၆၆ခု တပို့တွဲလဆန်း ၁ရက်) ဖေဖော်ဝါရီ ၉ရက်မှစ၍ လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၂ရက် နံနက် ၉နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပေးပြီး စံကင်းကျောက်တိုင်ကျေးရွာရှိ အတုလဂုဏ်ရောင်ဓမ္မာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒိယ(ဓမ္မာစရိယ၊ ဒီဃဘာဏက) ဆရာတော်ထံမှ ငါးပါးသီလခံယူကြပြီး ဆရာတော်က ဩဝါဒကထာ မြွက်ကြားသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲအတွက် အလှူရှင် ၆၅ဦးက အလှူငွေစုစုပေါင်း ၁၈၇၀၀၀၀ကျပ်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ယာပုံ)** (၀၈၅)

ပြည်လုံးချမ်းသာ ရုပ်ရှင်တော်မြတ်
ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ကျုံပျော် ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် ကျုံတနီးကျေးရွာ ပြည်လုံးချမ်းသာ ရုပ်ရှင်တော်မြတ်ဘုရား နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၁ရက်မှ ဖေဖော်ဝါရီ ၂၁ရက်အထိ (၁၁)ညတိုင်တိုင် နိုင်ငံကျော် ဓမ္မကထိကများဖြင့် ဓမ္မပူဇာပွဲများ ကျင်းပပူဇော်ပြီး ဖေဖော်ဝါရီ ၂၂ရက် မွန်းတည့် ၁၂နာရီတွင် ဗုဒ္ဓရုပ်ပွားတော် ဒေသစာရီကြွချီအပူဇော်ခံမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ရက်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဇန်နဝါရီ ၁၁ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မော်လူးကျေးရွာ အလှူရှင်များ လှူဒါန်းသော လေအေးပေးစက်နှင့် အောက်စီဂျင်ဘူးများကို ကသာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်အောင်က ခရိုင်ဆရာဝန်ကြီးသို့ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

အထူးကုဆရာဝန်များ ကျေးရွာများသို့ ကွင်းဆင်းကုသပေး

ရွှေကျင် ဇန်နဝါရီ ၂၃

ရွှေကျင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့်နှင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံအုပ်ကြီးဒေါက်တာကြည်ဝင်းတို့ ဦးဆောင်သော အထူးကုဆရာဝန်များသည် ဇန်နဝါရီ ၂၁ရက်က ရွှေကျင်မြို့ ကွမ်းဆိပ်ကျေးရွာသို့ ကွင်းဆင်းကုသပေးရာ ကျေးလက်ကျန်းမာရေးဌာန၏ အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ဇလုပ်ကြီးရွာ၊ ညောင်ခြေထောက်ရွာနှင့် ကျုံချောင်ကျေးရွာများမှ လူနာပေါင်း၂၀၅ဦးတို့အား ဆေးဝါးကုသပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အာသာဝတီခန်းမ၌ ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ကိုလည်းကောင်း၊ ဆေးရုံအုပ်ကြီးက ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်ကူးစက်ရောဂါကာကွယ်ရေး လုပ်ငန်းများအကြောင်းကို လည်းကောင်း ဟောပြောဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၂၀ရက်က တွံတေးမြို့ သာသနာ့ဗိမာန်၌ ကျင်းပသော ပါဠိ ပထမပြန် စာအောင်သံဃာ၊ သီလရှင်များအား အောင်လက်မှတ်ဆက်ကပ်ပူဇော်ပွဲနှင့် အဘိဓမ္မာအောင် ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲကျင်းပရာ ၂၀၀၄ ခုနှစ် ပါဠိပထမပြန် စာအောင် သံဃာတော်များအား မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နိုင်က အောင်လက်မှတ်ဆက်ကပ်ပူဇော်စဉ်။ (၃၈၀)

မြန်မာ့ရိုးရာ ဗန်တိုသိုင်း သင်တန်းဆင်းပွဲအင်းတော်၌ကျင်းပ

အင်းတော် ဇန်နဝါရီ ၁၅

အင်းတော်မြို့နယ် ကျားမင်းကျော်စွာ ပင်မသိုင်းအဖွဲ့၏ မြန်မာ့ရိုးရာကိုယ်ခံပညာ ဗန်တိုသိုင်းသင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ရက်က အင်းတော်မြို့နယ် မန်ဖာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အားကစားအရာရှိ ဦးအောင်လွင်၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုးစိုး၊ မန်ဖာကျေးရွာဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် ကျားမင်းကျော်စွာ ပင်မသိုင်းအဖွဲ့ သိုင်းဆရာ ဦးဝင်းစိန်တို့က သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။ ထို့နောက် မြို့နယ်အားကစားအရာရှိ ဦးအောင်လွင်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။ **(၁၃၃)**

ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချ

မြစ်သား ဇန်နဝါရီ ၁၇

မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်များကိုဇန်နဝါရီ၁၃ရက်က ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာ အခွင့်အရေးလိုင်စင် ၃၆ခုအတွက် စုစုပေါင်း တန်ဖိုးငွေ ၁၅၆၁၈၇၃၅၅ ကျပ် ရောင်းချ ရရှိခဲ့ကြောင်းနှင့် ကျန်အရပ်ရပ် အခွင့်အရေးလိုင်စင် ခုနစ်ခုကိုဆက်လက်လေလံတင်ရောင်းချမည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကမ္မဋ္ဌာန်းနည်းပြသင်တန်း ဟောပြောပြသမည်

ကြို့ပင်ကောက် ဇန်နဝါရီ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ဇောဓိရိပ်သာကျောင်းတိုက် ပဓာနနာယက ဩဝါဒါစရိယ(ပြည်တွင်းပြည်ပသာသနာပြု) အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောနက ဆရာတော်သည် ကြို့ပင်ကောက်မြို့အရှေ့ ၁၂မိုင်ကွာ ကျူစွာမင်းကြီး တည်ထားကိုးကွယ်တော်မူသော ရန်အောင်မြင်ဘုရားရိပ်သာတွင် သံဃာတော်များဝတ်ပွဲနှင့် ကမ္မဋ္ဌာန်းနည်းပြသင်တန်းကို ၁၃၆၆ခုနှစ် တပို့တွဲလဆန်း ၇ရက်မှ တပို့တွဲလပြည့်ကျော် ၆ရက်အထိ ၁၅ရက်တိုင်တိုင် ဟောပြောပြသမည်ဖြစ်သည်။

တက်ရောက်လိုသူများသည် ဦးတိက္ခ ဥက္ကဋ္ဌ မြို့နယ်သံဃနာယကအဖွဲ့ ဖုန်း-၀၁-၅၈၀၂၀၀၊ စံကျောင်းစာသင်တိုက် မင်းလှမြို့ ဖုန်း-၀၅၃-၃၀၂၂၆၊ ဇောဓိရိပ်သာကျောင်းတိုက် ဖုန်း-၀၅၃-၂၅၅၁၄၊ လိုင်းခွဲ ၁၅ ကြို့ပင်ကောက်မြို့တို့သို့ ပြာသိုလပြည့်ကျော် ၈ရက် နောက်ဆုံးထားစာရင်းပေးသွင်းရန်နှင့် တပို့တွဲလဆန်း၆ရက် ကြို့ပင်ကောက်ဇောဓိရိပ်သာကျောင်းတိုက်သို့ အရောက်လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(၀၄၀)**

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော
မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်

မန္တလေး ဇန်နဝါရီ ၂၂

နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးလုပ်ငန်းစီမံချက်အရ မန္တလေးမြို့ ကိုယ်ပွားသတင်းစာတိုက်နှင့် အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ရက် ညနေ၃နာရီခွဲက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ရှိ ကိုယ်ပွားသတင်းစာတိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ စာတည်းမှူးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးဦးစိုးသန်းက မီးဘေးကာကွယ်ရေးပစ္စည်းများ အသင့်ထားရှိရေး ရှင်းလင်းပြောကြားသည်။ ထို့နောက်မြန်မာသီဟကုမ္ပဏီ လီမိတက်အရောင်းဆိုင်လက်ထောက်မန်နေဂျာ ဦးထွန်းဝင်းသိန်းကကုမ္ပဏီမှ ထုတ်လုပ်သောဓာတုဗေဒပေါင်ဒါမှုန့်မီးသတ်ဆေးဘူး အသုံးပြုပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာတည်းမှူးဦးဆောင်သောသတင်းစာတိုက်(သီးသန့်)မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကုမ္ပဏီဝန်ထမ်းများ ပူးပေါင်း၍ ဆီမီးလောင်မှုနှင့် ဓာတ်ငွေ့(ဂက်စ်)မီးလောင်မှုများကို ဝန်ထမ်းတစ်ဦးချင်း ပက်ဖျန်းငြိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်အပေါ့စားရေစုပ်စက်များ အသုံးပြု၍ စုပေါင်းငြိမ်းသတ်မှုများကို သရုပ်ပြလေ့ကျင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က-ပ)**

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက် လျက် ရှိ ရာ ဇန်နဝါရီ ၅ရက်က ဝမ်မိုင်-ပါပူးစံပြကျေးရွာ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းတွင် အမှုဆောင် အရာရှိ ဦးကိုကို ကြီးကြပ်ဆောင် ရွက်ပေးစဉ်။
(ခရိုင် ပြန်/ဆက်)

အမျိုးသားညီလာခံအောင်မြင်မှ ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ထွန်းမည် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေမရှိက နိုင်ငံတော်ဟူ၍ ပီပြင်စွာမရှိနိုင် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အမျိုးသားညီလာခံကြီးက အဓိကကျ

အမျိုးသားညီလာခံကြီးကို ပြည်သူတစ်ရပ်လုံး လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံ

ရန်ကုန် ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် လှတောစံပြကျေးရွာ ဘောလုံးကွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၇ ကော်လံ ၁ *

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး မြို့လှ(တပ်ကုန်း)ရေလှောင်တမံတည်ဆောက်နေ ဒေသပြည်သူများ တည်ဆောက်ရေးကာလအတွင်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ရန်ကုန် ဇန်နဝါရီ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာခဲ့ကြပြီး နံနက် ၇ နာရီခွဲတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၄ ❐

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြို့လှ(တပ်ကုန်း) ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❐ **"ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူ စစ်မှုထမ်းဟောင်းအဖွဲ့များကလည်း အခြားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ် စသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ မပေါ့သောသတိ၊ မလျော့သော လုံ့လဝီရိယတို့ဖြင့် စောင့်ကြပ်ကြည့်ရှုပြီး ဟန့်တားကာကွယ်သွားကြရမည်။"**

ခေါင်းကြီး (စာ-၂)

❐ **"သွေးတိုးရောဂါရှိသူသည် ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းကြောင့် သွေးပေါင်ကိုပိုမိုတက်စေပြီး သွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါဖြစ်ပွားမှုကို ပိုမိုများပြားနိုင်သည့်အတွက် အရက်နှင့်ဆေးလိပ်ကို လုံးဝရှောင်ကြဉ်သင့်သည်။"**

ပါမောက္ခဒေါက်တာဒေါ်ခင်မေစန်း၏ ဆောင်းပါး (စာ-၁၀ နှင့် ၁၁)

27-1 (20).p65 1 3/25/05, 10:18 PM